
The Essence

mgyoe.com

# ခေါင်းဆောင်ဖြစ်လိုသလား

စံနမူနာပြပါ။
တိုက်တွန်းအားပေးပါ။
ကူညီထောက်ပံ့ပါ။



mgyoe.com

အောင်မေစော(စိတ်ပညာ)
မြန်မာပြန်

ခေါင်းဆောင်ခြင်းဆိုတာဟာ
ကြီးမားတဲ့ အလုပ်တစ်ခုကို လုပ်ဆောင်နိုင်စေဖို့
ဘယ်လို စတင်အကောင်အထည်ဖော် ဆောင်ရွက်မယ်၊
ဘယ်လို အရေးအသေး၊ အရေးအချင်းနဲ့ စွမ်းဆောင်မှုတွေ
လိုအပ်မယ်ဆိုတာကို နားလည်သိရှိမယ့်သူတွေ များနိုင်သမျှ များအောင်
စည်းရုံးနိုင်တဲ့ ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးနိုင်စွမ်း
ရှိခြင်းပဲ ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတွေမှာရှိတဲ့
အသီးသီးတာဝန် ခွဲဝေဆောင်ရွက်တဲ့ အသင်းအဖွဲ့ တစ်ခုစီအလိုက်
ခေါင်းဆောင်တွေဟာ ဘယ်လို နည်းလမ်းတွေကို အသုံးပြုပြီး
သူတို့ရဲ့ လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တယ် ဆိုတာကို
သည်စာအုပ်မှာ ရှင်းလင်း ဖော်ပြပေးထားပါတယ်။

တစ်နည်းအားဖြင့် သင်က လုပ်ငန်းအောင်မြင်အောင် ဘယ်လို စဉ်းစားတွေးခေါ်ပြီး
ဘယ်လို အရေးယူဆောင်ရွက်မှုတွေ လုပ်ရမယ်၊ သင့်အသင်းအဖွဲ့ကို
ဘယ်လို ခေါင်းဆောင်မှုတွေ ပေးရမယ်ဆိုတာကို သိနိုင်ဖို့
သည်စာအုပ်က အကြံပြု လမ်းညွှန်၊ ထောက်ပြပေးထားခြင်း ဖြစ်ပါတယ်။

ဤစာအုပ်ဟာ ခေါင်းဆောင်တွေ ရင်ဆိုင်ကြုံတွေ့ရတဲ့
စိန်ခေါ်မှုတွေကို အဆင့်ဆင့်ကျော်လွှား ဖြတ်ကျော်နိုင်ဖို့နဲ့
လုပ်ငန်းကိုလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိစွာနဲ့
ဆက်လက် ဦးဆောင်နိုင်မယ့်သူတွေ ဖြစ်အောင် ထောက်ပြပေးထားတာ
တွေ့ရပါတယ်။

စာအုပ်ပါ အချက်အလက်တွေ အားလုံးဟာ ထိရောက်တဲ့
အကြံပြုချက်တွေ ဖြစ်ပြီး သင့်အား လူအများအပေါ် ဦးဆောင်နိုင်စွမ်းရှိတဲ့
ခေါင်းဆောင်ကောင်းတစ်ယောက်အဖြစ် အောင်မြင်မှုရရှိအောင်
ထိရောက်စွာ အကူအညီပေးပါလိမ့်မယ်။

**LEADERSHIP**
Inspiring, empowering, Supporting
**DK** ESSENTIAL MANAGERS

AH0138
2,000.00 KS

mgyoe.com

မျက်နှာဖုံးသရုပ်ဖော် - တော်တီဆွေ
ထုတ်ဝေသူ - ဒေါ်အိဝတ်ရည်ထွန်း၊
DUTY(ဂျူတီ)စာပေ(၀၂၀၇၇)၊
အမှတ်(၄၉၉)၊ ၆-လွှာ(က)၊ ဓမ္မာရုံလမ်း၊
(၁၀) ရပ်ကွက်၊ လှိုင်မြို့နယ်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ မိုးကောင်း၊ ရန်ကင်း။

ခေါင်းဆောင် ဖြစ်လိုသလား/ အောင်မေစော၊ မြန်မာပြန်–
ရန်ကုန်။
The Essence၊ ပထမအကြိမ်၊ ၂၀၁၉။
စာမျက်နှာ ၁၇၆ မျက်နှာ၊
၁၂.၈ စင်တီ× ၁၉ စင်တီ

mgyoe.com

mgyoe.com

## မာတိကာ


– မိတ်ဆက်စကား ဏ

၁။ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ခြင်း ၁
– ဦးစီးခေါင်းဆောင်နိုင်စွမ်းရှိဖို့အတွက် စဉ်းစားတွေးခေါ်ခြင်း ၂
– လုပ်ငန်း၏အတွင်းစည်းမှ ဦးဆောင်ခြင်း ၉
– အာရုံစူးစိုက်ဆောင်ရွက်ပါ ၂၄
– လျင်မြန်သော ကြီးပွားတိုးတက်ခြင်း ၃၁

၂။ ခေါင်းဆောင်ခြင်းအခန်းကဏ္ဍကို ပီပြင်ထင်ရှားစေခြင်း ၃၅
– ခေါင်းဆောင်ဖို့အတွက် ကြိုတင်ပြင်ဆင်ခြင်း ၃၆
– သင့်စွမ်းရည်အပေါ် အာရုံစိုက်ခြင်း ၄၃
– ပြောဆိုဆက်ဆံရေးဆိုင်ရာကိစ္စများ အဆင်ပြေစေခြင်း ၅၆
– သင်၏ လုပ်ရည်ကိုင်ရည်ကောင်းများကို အကျိုးရှိရှိ အသုံးချနိုင်ခြင်း ၆၄
– တုံ့ပြန်ချက်များဖြင့် ထောက်ပံ့ခြင်း ၇၅


mgyoe.com

mgyoe.com


– တုံ့ပြန်မှုများမှတစ်ဆင့် လေ့လာသင်ယူခြင်း ၈၁

– သင့်ကိုယ်သင် တိုးတက်လာစေခြင်း ၈၇

– အလုပ်နှင့်ဘဝအကြား ညီညွတ်မျှတစေခြင်း ၉၃

– စိတ်ဖိစီးမှုများအား စီမံခန့်ခွဲခြင်း ၉၈

၃။ လက်ရှိအခြေအနေအပေါ် အာရုံစိုက်ခြင်း ၁၀၃

– စိန်ခေါ်မှုများအကြားမှ ဦးဆောင်ခြင်း ၁၀၄

– ဖြစ်နိုင်ခြေအားသာသော အပြောင်းအလဲများ ၁၁၅

– အစီအစဉ်များ ချမှတ်နိုင်ဖို့
ညှိနှိုင်းခြင်း (ချိန်ညှိခြင်း) ၁၁၉

– ပြောဆိုဆက်ဆံရ ခက်ခဲသောသူများအား
ဦးဆောင်ခြင်း ၁၂၉

– ရည်မှန်းချက်များကို မျှတစေခြင်း ၁၃၅

– ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုများ
တိုးတက်လာစေခြင်း ၁၃၉

– နက်ဝဲ့ခ်များကို ဖန်တီးခြင်း ၁၄၅

– စီးပွားရေးစွမ်းဆောင်ရှင်များထံမှ
လေ့လာသင်ယူခြင်း ၁၅၀

၄။ ခေါင်းဆောင်များကို တိုးတက်ဖွံ့ဖြိုးစေခြင်း ၁၅၇

– အနာဂတ်ကာလ၌ ရင်းနှီးမြှုပ်နှံခြင်း ၁၅၈

– အောင်မြင်မှုအတွက် လေ့ကျင့်သင်ကြားခြင်း ၁၆၈

– ခေါင်းဆောင်မှုပုံစံသစ်ကို လက်ခံကျင့်သုံးခြင်း ၁၇၃


❐

mgyoe.com

mgyoe.com

## ခေါင်းဆောင်မှုပညာ

စိတ်ဓာတ်တက်ကြွအောင် လှုံ့ဆော်တိုက်တွန်းနိုင်စွမ်းရှိခြင်း၊ လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းထားသည့်အတိုင်း ဆောင်ရွက်နိုင်စွမ်းရှိခြင်း၊ လိုအပ်ချက်များကို ထောက်ပံ့ပေးစွမ်းနိုင်ခြင်း။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မိတ်ဆက်စကား

ခေါင်းဆောင်ခြင်းဆိုတာဟာ ကြီးမားတဲ့ အလုပ်တစ်ခုကို လုပ်ဆောင်နိုင်စေဖို့ ဘယ်လို စတင်အကောင်အထည်ဖော် ဆောင်ရွက်မယ်၊ ဘယ်လိုအရည်အသွေး အရည်အချင်းနဲ့ စွမ်းဆောင်မှုတွေ လိုအပ်မယ်ဆိုတာကို နားလည်သိရှိမယ့်သူတွေ များနိုင်သမျှများအောင် စည်းရုံးနိုင်တဲ့ ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးနိုင်စွမ်းရှိခြင်းပဲ ဖြစ်ပါတယ်။

ခေါင်းဆောင်ခြင်းပညာဟာ အောင်မြင်တဲ့ မန်နေဂျာတွေ ဖြစ်လာစေဖို့ ပုံမှန်လေ့လာ သင်ယူ လေ့ကျင့်မှုတွေ လုပ်ပေးရမယ့် အရေးပါသော ကျွမ်းကျင်မှုတစ်ခု ဖြစ်ပါတယ်။ ကုမ္ပဏီလုပ်ငန်း အဖွဲ့အစည်းတွေမှာ ခေါင်းဆောင်တာဝန်ယူထားရတဲ့ ပုဂ္ဂိုလ်တွေ၊ အထူးသဖြင့် အမြဲတမ်းလိုလို အလုပ်များနေတတ်တဲ့ မန်နေဂျာတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ အတတ်ပညာဟာ ခေါင်းဆောင်မှုပညာပဲဖြစ်ပါတယ်။

mgyoe.com

mgyoe.com



စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတွေမှာရှိတဲ့ အသီးသီးတာဝန် ခွဲဝေဆောင်ရွက်တဲ့ အသင်းအဖွဲ့ တစ်ခုစီအလိုက် ခေါင်းဆောင်တွေဟာ ဘယ်လိုနည်းလမ်းတွေကို အသုံးပြုပြီး သူ့တို့ရဲ့ လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာကို သည်စာအုပ်မှာ ရှင်းလင်းဖော်ပြပေးထားပါတယ်။

တစ်နည်းအားဖြင့် သင်က လုပ်ငန်းအောင်မြင်အောင် ဘယ်လိုစဉ်းစားတွေးခေါ်ပြီး ဘယ်လို အရေးယူဆောင်ရွက်မှုတွေ လုပ်ရမယ်၊ သင့်အသင်းအဖွဲ့ကို ဘယ်လိုခေါင်းဆောင်မှုတွေ ပေးရမယ်ဆိုတာကို သိနိုင်ဖို့ သည်စာအုပ်က အကြံပြု၊ လမ်းညွှန်၊ ထောက်ပြပေးထားခြင်းဖြစ်ပါတယ်။

သင်ဟာ မှန်ကန်သောနည်းလမ်း၊ စစ်မှန်သောအရည်အသွေးတွေနဲ့ လုပ်ငန်းကိုဦးဆောင်နိုင်တဲ့ ခေါင်းဆောင်တစ်ယောက်ဖြစ်ဖို့ သင့်ကိုယ်သင် သိမြင်သုံးသပ်မှုတွေလုပ်ပြီး သင့်အနီးဝန်းကျင်ကိုလည်း သေချာစွာ ချဉ်းကပ်လေ့လာမှုတွေလုပ်ဖို့ လိုအပ်ပါတယ်။

ခေါင်းဆောင်ကောင်းတစ်ယောက်အဖြစ် လက်တွေ့ကျကျ ကျင့်ကြံအားထုတ်ဖို့ ဤစာအုပ်ပါအချက်တွေကို လိုက်နာဆောင်ရွက်နိုင်မယ်ဆိုရင်... အလုပ်ခွင်အတွင်း သင်ရပ်တည်ရတဲ့ အခန်းကဏ္ဍဟာ အရေးပါနေသလောက် သင့်ရဲ့ ခေါင်းဆောင်နိုင်စွမ်းကလည်း အစဉ်ထက်မြက်နေမှာ ဖြစ်ပါတယ်။

ဤစာအုပ်ဟာ ခေါင်းဆောင်တွေ ရင်ဆိုင်ကြုံတွေ့

mgyoe.com

mgyoe.com



ရတဲ့ စိန်ခေါ်မှုတွေကို အဆင့်ဆင့်ကျော်လွှား ဖြတ်ကျော်နိုင်ဖို့နဲ့ လုပ်ငန်းကိုလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိစွာနဲ့ ဆက်လက်ဦးဆောင်နိုင်မယ့်သူတွေဖြစ်အောင် ထောက်ပြပေးထားတာ တွေ့ရပါတယ်။

စာအုပ်ပါ အချက်အလက်တွေ အားလုံးဟာ ထိရောက်တဲ့ အကြံပြုချက်တွေဖြစ်ပြီး သင့်အား လူအများအပေါ် ဦးဆောင်နိုင်စွမ်းရှိတဲ့ ခေါင်းဆောင် ကောင်းတစ်ယောက်အဖြစ် အောင်မြင်မှုရရှိအောင် ထိရောက်စွာ အကူအညီပေးပါလိမ့်မယ်။

## 'ခေါင်းဆောင်ခြင်း' သဘောသဘာဝကို အပြည့်အဝ နားလည်ခြင်း

သင်က လုပ်ငန်းခွင်တစ်ခုမှာ ဦးစီးခေါင်းဆောင်ရတဲ့ အခန်း ကဏ္ဍမှာရှိနေတယ်ဆိုရင်... လုပ်ငန်းကဏ္ဍမျိုးစုံကို ကိုင်တွယ်ဖြေရှင်း ရတော့မယ်လို့ မျှော်လင့်မိပါလိမ့်မယ်။ ခေါင်းဆောင်တစ်ယောက်အနေနဲ့ လုပ်ငန်းသစ်တွေ ထပ်မံတိုးချဲ့နိုင်ဖို့ အခွင့်အရေးနဲ့ လက်ရှိလုပ်ကိုင်နေတဲ့ လုပ်ငန်းတွေ တိုးတက်ဖွံ့ဖြိုးစေဖို့အတွက် သင် ဦးဆောင်နေတဲ့ အသင်းအဖွဲ့နှင့်အတူ သင့်လုပ်ငန်း အဖွဲ့အစည်းတစ်ခုလုံး တိုးတက်အောင်မြင်အောင် ထူးခြားဆန်းသစ်တဲ့ အမြင်တွေ၊ တန်ဖိုးတွေကို ကောင်းမွန်သင့်လျော်စွာ အသုံးချရမှာဖြစ်ပါတယ်။

သင်ဟာ ခေါင်းဆောင်တာဝန်ယူထားရပြီဆိုတာနဲ့ အထက်ပါ အတိုင်း ခေါင်းဆောင်တွေမှာ ရှိထားရမယ့်

mgyoe.com

mgyoe.com



အရည်အသွေး အရည်အချင်းတွေနဲ့ ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်တွေကို ကျေပွန်အောင် ဆောင်ရွက်ခြင်း ထက်ပိုသာတဲ့ စွမ်းဆောင်မှုတွေနဲ့ လုပ်ငန်းကို တာဝန် ယူနိုင်ပါလိမ့်မယ်။

'ခေါင်းဆောင်ခြင်း' ရဲ့ သဘောသဘာဝကို အပြည့် အဝ နားလည်ပြီဆိုရင် သင်ဟာ အရည်အချင်း အရည် အသွေးတွေ ပြည့်ဝနေတဲ့ ခေါင်းဆောင်ကောင်းတစ် ယောက်အဖြစ် အောင်မြင်စွာ ရပ်တည်နိုင်ပြီ ဖြစ်ပါတယ်။

❐

mgyoe.com

mgyoe.com

၁

# စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ခြင်း

သင်က ဖန်တီးနိုင်စွမ်းပါတဲ့ စဉ်းစားတွေးခေါ်မှုတွေ ရှိလာဖို့ ကြိုးစားအားထုတ်တဲ့အခါဖြစ်စေ၊ လူအများ စိတ်ဓာတ်နိုးကြား တက်ကြွအောင် စည်းရုံးလှုံ့ဆော်ခြင်း၊ ညွှန်ကြားခြင်း၊ လက်တွေ့ စမ်းသပ်လေ့လာမှုများပြုလုပ်ခြင်း၊ အမျိုးမျိုးသော ချဉ်းကပ် ဖြေရှင်းမှုများပြုလုပ်ခြင်း၊ ထိုးထွင်းဉာဏ်စွမ်းများဖြင့် ဆုံးဖြတ် ချက်ချခြင်းတွေလုပ်တဲ့အခါဖြစ်စေ... သင့်ရဲ့ အားထုတ်နိုင်စွမ်း တွေဟာ ခေါင်းဆောင်တွေရဲ့ လမ်းကြောင်းပေါ် ရောက်ရှိသွားမှာ ဖြစ်ပြီး ပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းနိုင်တဲ့ စွမ်းရည်တွေလည်း မြင့်မားတိုးတက်လာမှာ ဖြစ်ပါတယ်။

သင်ဟာ ခေါင်းဆောင်ကောင်း တစ်ယောက်ဖြစ်လိုတယ် ဆိုရင်... အထက်ပါအရည်အသွေးကောင်းတွေကို အခြေခံကျ သော အရင်းအမြစ်တွေအဖြစ် ထိရောက်စွာအသုံးချပြီး ခွဲခြမ်း စိတ်ဖြာ နားလည်နိုင်စွမ်းတွေနဲ့ ပြဿနာအရပ်ရပ်၊ စိန်ခေါ်မှု အရပ်ရပ်ကို ရင်ဆိုင်ဖြေရှင်းနိုင်တော့မှာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com

# ဦးစီးခေါင်းဆောင်နိုင်စွမ်းရှိဖို့အတွက် စဉ်းစားတွေးခေါ်ခြင်း

ခေါင်းဆောင်ကောင်းအများစုဟာ မွေးလာကတည်းက ခေါင်းဆောင်နိုင်မှု အရည်သွေးနဲ့ အထုံပါရမီတွေ တစ်ခါတည်းပါရှိလာကြတာ မဟုတ်ပါဘူး။ နောင်တစ်ချိန် ခေါင်းဆောင်ကောင်း ဖြစ်လာဖို့ တာစူနေသူတွေဟာ ခေါင်းဆောင်ကောင်း တစ်ယောက်မှာ ရှိရမယ့် အရည်အသွေးတွေ ပြည့်စုံအောင် ကြိုးစားလိုတဲ့ စိတ်ဆန္ဒတွေ ရှိနေတတ်ကြပြီး အဲဒီအရည်အသွေးတွေ တဖြည်းဖြည်း ပြည့်စုံလာအောင်လည်း နည်းအမျိုးမျိုးနဲ့ လေ့လာသင်ယူနိုင်စွမ်းတွေ ရှိနေကြတာ တွေ့ရပါတယ်။ ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်လာဖို့ အရေးကြီးတဲ့ ကျွမ်းကျင်မှုတစ်ခုကတော့ သင်ဟာ လိုအပ်သလို လေ့လာသင်ယူနိုင်စွမ်းရှိခြင်းပဲ ဖြစ်ပါတယ်။ ခေါင်းဆောင်တွေဟာ အခြေအနေတစ်ရပ်၊ ကိစ္စတစ်ရပ် အပေါ် ဘယ်သောအခါမှ ရိုးရှင်းစွာ အဓိပ္ပာယ်ဖွင့်ဆို ရှုမြင်တတ်ခြင်း မရှိဘဲ အခြေအနေ၊ အချိန်အခါ၊ နေရာဒေသအလိုက် ဖြစ်ပေါ်ပြောင်း

mgyoe.com

mgyoe.com




လဲတတ်တဲ့ သဘာဝတွေအပေါ် နားလည်စွာနဲ့ ရှုထောင့်အမျိုးမျိုး၊ ထင်မြင်ချက်အမျိုးမျိုး ပေးနိုင်သူတွေ ဖြစ်ကြပါတယ်။

ခေါင်းဆောင်တွေဟာ အရာရာကို အဘက်ဘက်ကနေ ရှုထောင့်မျိုးစုံနဲ့ တွေးခေါ်ဆုံးဖြတ်နိုင်သူတွေဖြစ်တာကြောင့် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားဖို့ မိမိကိုယ်တိုင်အဆင်သင့်ရှိနေတဲ့အပြင် အခြားလူတွေကိုလည်း စိတ်ဓာတ်တက်ကြွအောင် လှုံ့ဆော်ပေးနိုင်စွမ်းရှိသူတွေ ဖြစ်ပါတယ်။

ခေါင်းဆောင်ကောင်းတွေဟာ စဉ်ဆက်မပြတ်သော ပြောင်းလဲမှုတွေကို အပြည့်အဝလက်ခံပြီး ရည်မှန်းချက်များကို တိုးတက်အောင် အကောင်အထည်ဖော်နိုင်ကြပါတယ်။ ခေါင်းဆောင်ကောင်းတွေဟာ ထိရောက်သောအသင်းအဖွဲ့တစ်ခုကို တည်ထောင်ပေးနိုင်စွမ်းရှိပြီး အကြောင်းအမျိုးမျိုးကြောင့် ကြုံတွေ့ရတဲ့ ကျရှုံးမှုတွေအပေါ်မှာလည်း တာဝန်ယူနိုင်စွမ်း အပြည့်အဝရှိကြပါတယ်။

ခေါင်းဆောင်ကောင်းတွေဟာ ကျရှုံးမှုတွေနဲ့ ရင်ဆိုင်ရတဲ့တိုင်... အလွယ်တကူ စိတ်ဓာတ်ကျခြင်းမရှိတတ်ဘဲ ကျရှုံးမှုတွေကနေ သင်ခန်းစာကောင်း ရယူတတ်ကြပါတယ်။



mgyoe.com

mgyoe.com


ခေါင်းဆောင်ကောင်းတွေဟာ အရည်အသွေးမြင့်မားသလောက် သြဇာရှိန်ဝါကြီးသူတွေဖြစ်လာကြပြီး ဆုံးဖြတ်ချက်တွေကိုလည်း မှန်ကန်စွာ ချမှတ်နိုင်ကြပါတယ်။

**စီမံခန့်ခွဲခြင်းဆိုင်ရာ၌ အဓိကဦးစီးခေါင်းဆောင်ရသူတွေအတွက် ထိရောက်သော အကြံပြုချက်များ**

ထက်မြက်တဲ့စွမ်းဆောင်ရည်၊ သွက်လက်တဲ့ ပြုမူလှုပ်ရှားမှုတွေ ရှိနေခြင်းဟာ ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ အရည်အသွေး ကောင်းတွေဆိုတာကို သတိပြုပေးပါ။

ခေါင်းဆောင်ကောင်းတစ်ယောက် ပီသစွာနဲ့ မိမိဦးဆောင်တဲ့ အသင်းအဖွဲ့နဲ့ အမြဲတစေ အနီးကပ်ရှိနေပေးပါ။ အသင်းအဖွဲ့ရဲ့ လိုအပ်ချက်များကို ဦးဆောင်ဆောင်ရွက်ပေးပါ။

မိမိရဲ့ကိုယ်ပိုင် စဉ်းစားဆင်ခြင်နိုင်စွမ်းတွေကို အသုံးပြုပြီး ခေါင်းဆောင်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့အကြား ဟန်ချက်ညီတဲ့ ဆောင်ရွက်မှုတွေ ဖြစ်နေအောင် အမြဲတမ်းချိန်ညှိပေးပါ။

ခေါင်းဆောင်ကောင်းတစ်ယောက်အဖြစ် တာဝန်ယူဆောင်ရွက်နေချိန်အတွင်း ဖြစ်လာတတ်တဲ့ ပြဿနာအမျိုးမျိုးနဲ့ ကျရှုံးမှုတွေကိုလည်း တာဝန်အပြည့်အဝယူနိုင်သူဖြစ်ဖို့ ကြိုးစားရပါမယ်။

mgyoe.com

mgyoe.com


## ခေါင်းဆောင်တစ်ယောက်အဖြစ် ရပ်တည်ရာ၌ ဆောင်ရန် – ရှောင်ရန် အချက်များ

| လိုက်နာဆောင်ရွက်ရန်အချက်များ | ရှောင်ကြဉ်ရန်အချက်များ |
|---|---|
| – ဘယ်လိုအခြေအနေအကြောင်းတရားတွေက အသင်းအဖွဲ့ဝင်တွေကို စိတ်ဓာတ်တက်ကြွအောင် လှုံ့ဆော်နိုင်တယ်ဆိုတာကို လျင်မြန်စွာ နားလည်သိရှိဖို့ လိုပါတယ်။ | – မနေ့ကအထိ မှန်ခဲ့တဲ့ စဉ်းစားတွေးခေါ်မှုတွေကို နက်ဖြန်အထိ မှန်ကန်နေဦးမယ်လို့ ယူဆပြီး ဆက်လက်အသုံးပြုမိခြင်းကို ရှောင်ကြဉ်ပါ။ |
| – အခြေအနေ၊ ကိစ္စတစ်ရပ်အပေါ်သင့်ရဲ့ ကိုယ်ပိုင်ထင်မြင်ချက်တွေကိုသာ ဦးစားမပေးဘဲ သင့်အသင်းအဖွဲ့ဝင်တွေရဲ့ အမြင်၊ ရှုထောင့် ဘယ်လိုရှိတယ်ဆိုတာကိုပါ မေးမြန်းစုံစမ်းပေးပါ။ | – အသင်းအဖွဲ့ဝင်တွေရဲ့ သဘောထားအမြင်ကို မျက်ကွယ်ပြုပြီး ကိုယ်ပိုင်စိတ်ခံစားချက်အပေါ်မှာသာ ဦးစားပေး ဆုံးဖြတ်လုပ်ကိုင်ခြင်းတွေကို ရှောင်ကြဉ်ပါ။ |
| – ကာလတိုအတွင်း ဘာတွေဖြစ်လာနိုင်တယ်ဆိုတာကို ကြိုတင်စဉ်းစားတွေးခေါ်ဖို့ လိုအပ်ပါတယ်။ | – မိမိအနီးပတ်ဝန်းကျင်မှာ ဘာတွေထူးခြားနေတယ် ဘာတွေဖြစ်ပျက်နေတယ် ဆိုတာကို လုံးဝသတိမပြုဘဲ ရှိနေခြင်းက ရေရှည်မှာ ပြဿနာကြီးငယ် ရှိလာနိုင်ပါတယ်။ |

mgyoe.com

mgyoe.com


| | |
|---|---|
| – မိမိအသင်းအဖွဲ့တိုးတက်အောင် ဘယ်လို လေ့ကျင့်ပျိုးထောင်ပေး ရမယ်ဆိုတာကို ကောင်းစွာသိရှိဖို့ လိုပါတယ်။ သင် အားကိုးအား ထားပြုနိုင်တဲ့ အသင်းအဖွဲ့တစ်ခု တည်ဆောက်နိုင်ဖို့အတွက် စံချိန် စံညွှန်းတွေကို ဦးစွာသတ်မှတ်ပြီး အကောင်အထည်ဖော်ပေးပါ။ | – သင့်ရဲ့ ဦးဆောင်မှု၊ စိတ်ကူး အကြံစည်တွေနဲ့ပတ်သက်ပြီး ဘယ်လိုတုံ့ပြန်မှုတွေရှိတယ် ဆိုတာကို မေးမြန်း သိရှိနိုင် စွမ်းကင်းမဲ့နေတတ်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာအရ တိုးတက် မှုတွေရှိအောင် လုပ်နိုင်စွမ်း မရှိခြင်း၊ မိမိရဲ့ ဩဇာရှိန်ဝါ နှင့် ခေါင်းဆောင်ဟူသော ဂုဏ်ပုဒ်ကို အလွဲသုံးစား ခြင်း၊ အရာရာ အပြုသဘော ဆောင် အကောင်းမြင်နိုင် စွမ်းမရှိခြင်းတွေက ခေါင်း ဆောင်ကောင်းတစ်ယောက်ရဲ့ အရည်အချင်းတွေနဲ့ ဆန့် ကျင်နေမှာ ဖြစ်ပါတယ်။ |

**ခေါင်းဆောင်ခြင်း**

ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ အရေးပါတဲ့ ဆုံးဖြတ်ချက်တွေကို မှန်ကန်စွာချမှတ်နိုင်ပြီး တိကျတဲ့ သတင်းစကားတွေနဲ့ အသင်းအဖွဲ့ဝင်တွေကို ဆက်သွယ်နိုင်စွမ်း ရှိပါတယ်။

မန်နေဂျာအဆင့်ရှိတဲ့ ခေါင်းဆောင်တွေဟာ မဟာဗျူဟာများ ရေးဆွဲခြင်း၊ နည်းဗျူဟာများနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ အသင်းအဖွဲ့ဝင် တစ်ဦးချင်းအလိုက်ဖြစ်စေ အသင်းအဖွဲ့တစ်ခုလုံး

mgyoe.com

mgyoe.com


အလိုက်ဖြစ်စေ လုပ်ငန်းစွမ်းဆောင်မှုတွေကို တိုင်းတာပေးနိုင်ခြင်း၊ လုပ်ငန်းအဖွဲ့အစည်း တစ်ခုလုံးအတွက် အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်အောင် ဦးဆောင်စီစဉ်ပေးနိုင်ခြင်းတွေ ရှိနေဖို့လိုအပ်ပါတယ်။

## ခေါင်းဆောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း

ခေါင်းဆောင်နိုင်စွမ်းရှိသလောက် စီမံခန့်ခွဲနိုင်စွမ်းမရှိနိုင်သလို စီမံခန့်ခွဲမှုတွေ အားကောင်းသော်လည်း ခေါင်းဆောင်နိုင်စွမ်း မရှိတတ်တာကို သတိပြုဖို့ လိုအပ်ပါတယ်။

တကယ်တော့ ခေါင်းဆောင်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့အကြားမှာ များစွာသော အဓိပ္ပာယ်ကွာဟမှုတွေ ရှိနေပြီးဖြစ်ပါတယ်။

ခေါင်းဆောင်တစ်ယောက်ဟာ မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ပြီး အသင်းအဖွဲ့ဝင်တွေအပေါ်မှာ တိကျတဲ့ သတင်းစကားတွေနဲ့ ပြောဆိုဆက်ဆံမှုတွေ လုပ်နိုင်ကြပါတယ်။

မန်နေဂျာတစ်ယောက်အနေနဲ့ မဟာဗျူဟာတွေကို အကောင်အထည်ဖော်ခြင်း လုပ်ငန်းစွမ်းဆောင်မှုတွေကို တိုင်းတာနိုင်ခြင်းတွေနဲ့ လုပ်ငန်းတိုးတက်အောင် ဆောင်ရွက်ရပါတယ်။

လုပ်ငန်းတစ်ခုလုံးတိုးတက်အောင် ခေါင်းဆောင်ခြင်းအလုပ်ကို လုပ်တဲ့ခေါင်းဆောင်တွေသာ အရေးပါနေတာမဟုတ်ဘဲ စီမံခန့်ခွဲခြင်းအလုပ်တွေကို နိုင်နင်းစွာလုပ်ဆောင်နေတဲ့ 'မန်နေဂျာ' တွေရဲ့ စွမ်းဆောင်မှုတွေကလည်း အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေတာကို သတိပြုရပါမယ်။

စီမံခန့်ခွဲမှုအားကောင်းတဲ့ မန်နေဂျာတွေအတွက် အဘက်ဘက်က တာဝန်ခံပေး၊ အာမခံချက်ပေးနိုင်တဲ့ ခေါင်းဆောင်တွေရဲ့ ဦးဆောင်မှုလိုအပ်ပါလိမ့်မယ်။

mgyoe.com

mgyoe.com


ခေါင်းဆောင်ကောင်းတွေဟာ လုပ်ငန်းကို ဘယ်လိုပဲ ရှေ့ကနေ ရဲဝံ့စွာ ဦးဆောင်နိုင်စွမ်းရှိသည်ဖြစ်စေ... စီမံခန့်ခွဲမှုအားကောင်းတဲ့ မန်နေဂျာတွေမရှိခဲ့ရင် ခေါင်းဆောင်ကောင်းရဲ့ အခန်းကဏ္ဍဆိုတာက လည်း ပျောက်ကွယ်သွားနိုင်ပါတယ်။

ခေါင်းဆောင်ကောင်းဖြစ်သူ၊ ခေါင်းဆောင်ကောင်းတစ်ယောက် အဖြစ် မားမားမတ်မတ်ရပ်တည်ပြီး အရာရာတာဝန်ခံရဲသူရဲ့ လက် အောက်မှာ အလုပ်လုပ်ရတဲ့ စီမံခန့်ခွဲရေးသမား၊ မန်နေဂျာတွေအနေနဲ့ တစ်ချိန်ချိန်မှာ လုပ်ငန်းတစ်ခုလုံးကို ဦးဆောင်နိုင်စွမ်းရှိတဲ့ ခေါင်းဆောင် တွေ ဖြစ်လာနိုင်ပါတယ်။

ဒါကြောင့် တာဝန်ခံ၊ တာဝန်ယူနိုင်မှုအပြည့်ရှိတဲ့ ခေါင်းဆောင် ကောင်းတွေက သူတို့လက်အောက်မှာ စိတ်ချရတဲ့ စီမံခန့်ခွဲရေးသမား မန်နေဂျာတွေ များစွာလိုအပ်သလို... စီမံခန့်ခွဲမှုအလုပ်ကို ဆောင်ရွက်ရ သော မန်နေဂျာတွေအတွက်လည်း သူတို့ကို အာမခံပေးနိုင်တဲ့ ခေါင်း ဆောင်ကောင်းတွေ လိုအပ်နေမှာဖြစ်ပါတယ်။

လုပ်ငန်းတစ်ခုလုံး တိုးတက်အောင်မြင်မှုရှိဖို့အတွက် ခေါင်း ဆောင်ခြင်းကဏ္ဍသာမက စီမံခန့်ခွဲခြင်းကဏ္ဍကပါ အရေးပါစွာ လိုအပ် နေမှာ ဖြစ်ပါတယ်။

သင်က ခေါင်းဆောင်သူရဲ့အခန်းကဏ္ဍကနေ ရပ်တည်သူဖြစ် တယ်ဆိုရင် စီမံခန့်ခွဲခြင်း အခန်းကဏ္ဍကို ပစ်ပယ်လို့မရနိုင်ပါဘူး။ သို့သော်လည်း ဦးဆောင်သူကရော စီမံခန့်ခွဲသူတွေကပါ လုပ်ငန်းတိုး တက်အောင် အာရုံစိုက်ဆောင်ရွက်ဖို့ အပြည့်အဝတာဝန်ရှိသူတွေ ဖြစ်ပါ တယ်။

❐

mgyoe.com

mgyoe.com

# လုပ်ငန်း၏အတွင်းစည်းမှ ဦးဆောင်ခြင်း

လုပ်ငန်းအဖွဲ့အစည်းအလိုက် ခေါင်းဆောင်တွေဟာ ရည်မှန်းချက်ထားရှိခြင်း၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားခြင်းတွေရဲ့ အရေးပါမှုကို အသင်းအဖွဲ့ဝင်တွေ နားလည်သိရှိအောင် ပြောဆိုသင်ပြပေးတတ်ကြပြီး လုပ်ငန်းအတွင်း အားသာချက်နဲ့ အားနည်းချက်တွေအပေါ်မှာလည်း အပြည့်အဝနားလည်သူတွေ ဖြစ်ပါတယ်။

လုပ်ငန်းခွင်အတွင်းစည်းမှ ဦးဆောင်သူတွေဟာ လုပ်ငန်းတိုးတက်မှုတွေအတွက် ကိုယ့်ကိုယ်ကိုယ် သတိမူပြီး အတတ်နိုင်ဆုံး အမှားအယွင်းမရှိအောင် လုပ်ဆောင်နိုင်ကြသူတွေ ဖြစ်ပါတယ်။

## လုပ်ငန်းအတွင်း ရှေ့ဆုံးကနေ ပြေးနေသူတစ်ယောက်ဖြစ်အောင် ကြိုးစားခြင်း

လုပ်ငန်းဆိုင်ရာပြဿနာတွေ၊ အခက်အခဲအကျပ်အတည်းတွေ၊ ကျရှုံးမှုတွေနဲ့ ရင်ဆိုင်ရတိုင်း တာဝန်ယူ၊ တာဝန်ခံနိုင်စွမ်းရှိတဲ့ ခေါင်း

mgyoe.com

mgyoe.com



ဆောင်တွေကို လူအများက ရိုသေလေးစားတတ်ကြပါတယ်။

လူတွေရဲ့ ရိုသေလေးစားခြင်းကိုခံရတဲ့ ခေါင်းဆောင်တွေဟာ သြဇာရှိန်ဝါ ကြီးမားလာတတ်ပြီး အမြဲတစေ လုပ်ငန်းအတွင်းမှာ ရှေ့ဆုံးကနေ နေရာရ၊ နာမည်ရသူတွေအဖြစ် ထင်ရှားနေတတ်ပါတယ်။

ခေါင်းဆောင်ကောင်းတွေဟာ လိုအပ်တဲ့ စွန့်စားမှုတွေပြုလုပ်နိုင်ဖို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေရှိနေတတ်ပြီး အသင်းအဖွဲ့ဝင်အားလုံးရဲ့ အတုယူစရာ၊ ရှေ့ဆောင်နမူနာအဖြစ် ရပ်တည်ပေးနိုင်စွမ်းရှိကြပါတယ်။

ခေါင်းဆောင်တွေဟာ အခက်အခဲအတားအဆီးတွေနဲ့ ကြုံတွေ့ရချိန်မှာလည်း ကြံ့ကြံ့ခံနိုင်စွမ်းတွေရှိကြပြီး လေ့လာသင်ယူခြင်း၊ လိုက်လျောညီထွေဖြစ်စေခြင်း၊ အသစ်အဆန်းတွေကို ဖန်တီးနိုင်စွမ်းရှိခြင်း၊ လုပ်ငန်းတိုးတက်မှုဆိုင်ရာ အခွင့်အရေးကောင်းတွေကို အမိအရဆုပ်ကိုင်နိုင်ခြင်း ရှိတတ်ပါတယ်။

အထက်ပါအချက်တွေနဲ့ ပြီးပြည့်စုံတဲ့ ခေါင်းဆောင်တိုင်းဟာ လုပ်ငန်းခွင်အတွင်း ရှေ့ဆုံးကနေ ပြေးနေသူတွေ ဖြစ်လာကြပါတယ်။

mgyoe.com

mgyoe.com


## စဉ်းစားတွေးခေါ်မှု ပုံစံအမျိုးမျိုးကို ခွဲခြားလေ့လာခြင်း

| တွေးခေါ်မှု ပုံစံ | ထူးခြားသော အရည်အသွေးများ | မေးခွန်းမေးခြင်း |
|---|---|---|
| ပရိယာယ်ပါသော စဉ်းစား တွေးခေါ်မှုပုံစံ | – အထက်မှ ညွှန်ကြားချက်များကို လက်ခံခြင်း ရည်မှန်းချက် တိုးတက် အောင်မြင်ဖို့ အာရုံစိုက်ခြင်း။<br>– သဘာဝကျကျပြုမူ ဆောင်ရွက်ဖို့ အစီအစဉ် ရေးဆွဲခြင်းနှင့် စဉ်းစားတွေးခေါ်ခြင်း။ | – အချိန်တိုအတွင်း အကောင်းဆုံး ရလဒ်တွေ ရရှိဖို့ ဘယ်လိုလုပ်ဆောင်မလဲ။<br>– အစီအစဉ်ကောင်း တစ်ခုဖြစ်ဖို့အတွက် ဘယ်လိုပြုမူဆောင်ရွက်ရမှာလဲ။<br>– ဘယ်အရာတွေကို အရေးတကြီးဆောင်ရွက်ရမှာလဲ။ |
| လုပ်ငန်းလည်ပတ်မှု အတွက် စဉ်းစား တွေးခေါ်သော ပုံစံ | – တိုးတက်ရာကြောင်း အခွင့်အရေးများကို မြင်တွေ့နိုင်ခြင်း<br>– လက်တွေ့ကျသော ပြုမူဆောင်ရွက်ချက်များနှင့် ရှုပ်ထွေးသော အခြေအနေများကို ဖြေရှင်းနိုင်ခြင်း။ | – ဘယ်လိုအရေးယူ ဆောင်ရွက်မှုတွေလို သလဲ။<br>– ဘာတွေလုပ်ဖို့ လိုအပ်သလဲ။<br>– ဘယ်အချိန်မှာ စလုပ်ရမှာလဲ။ |
| မဟာဗျူဟာမြောက် စဉ်းစားတွေးခေါ်သော ပုံစံ | – ဘယ်လိုပြဿနာမျိုးကို မဆို စည်းကမ်းတကျ ဖြေရှင်းနိုင်အောင် စဉ်းစားတွေးခေါ်ပါ။ ပြဿနာကို ပြန်လည်ခွဲခြားစိစစ်ပြီး စိန်ခေါ်မှု အမျိုးမျိုးကို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိစွာနှင့် ရင်ဆိုင်ဖြေရှင်းနိုင်ခြင်း။ | – လုပ်ငန်းဆိုင်ရာ စည်းကမ်းတွေ ဘာကြောင့်ချမှတ်ဖို့လိုပါသလဲ။<br>– ဘာကြောင့် အစားထိုးဆောင်ရွက်မှုတွေ လိုအပ်ပါသလဲ။ |

mgyoe.com

mgyoe.com



## သင့်ကိုယ်သင် နားလည်အောင် ကြိုးစားခြင်း

လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် စဉ်းစားတွေးခေါ်မှုပုံစံတွေ မတူညီကြပါဘူး၊ သို့သော်လည်း လူတစ်ဦးချင်းစီအလိုက် မိမိရဲ့ စဉ်းစားတွေးခေါ်မှုပုံစံတွေအပေါ် နားလည်ထားကြဖို့ လိုအပ်ပါတယ်။

သင်က ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုပုံစံတွေကို အပြည့်အဝ နားလည်ထားပြီဆိုရင် သင့်ဝန်းကျင်က လူတွေရဲ့ စဉ်းစားတွေးခေါ်မှုပုံစံတွေကိုပါ ဆက်လက်နားလည်ထားဖို့ လိုပါတယ်။

စဉ်းစားတွေးခေါ်မှုပုံစံတွေကို လေ့လာတဲ့အခါ ပရိယာယ်ပါတဲ့ စဉ်းစားတွေးခေါ်မှုပုံစံ၊ လုပ်ငန်းလည်ပတ်နိုင်စွမ်းအတွက် စဉ်းစားတွေးခေါ်မှုပုံစံ၊ မဟာဗျူဟာမြောက် စဉ်းစားတွေးခေါ်မှုပုံစံဆိုပြီး ၃ မျိုးကွဲပြားစွာရှိနေတာ တွေ့ရပါတယ်။

သင့်ကိုသင် နားလည်အောင် ကြိုးစားတဲ့အခါ စဉ်းစားတွေးခေါ်မှုပုံစံ ၃ မျိုးစလုံးနဲ့ စဉ်းစားတွေးခေါ်နိုင်မှသာ အကောင်းဆုံးအဖြေကို ရရှိမှာ ဖြစ်ပါတယ်။



mgyoe.com

mgyoe.com



**ထိရောက်သော အကြံပြုချက်များ**

သင်၏ကျွမ်းကျင်မှုများကို စာရင်းပြုစုပေးပါ။

ဥပမာအနေနဲ့ 'ကျွန်တော်/ကျွန်မက အလုပ်ကိုအာရုံစိုက်နိုင်တယ်'

'ကျွန်တော် ဘာလုပ်လုပ် အကောင်းဆုံးဖြစ်အောင်လုပ်မယ်'

'ကျွန်တော် အခြားလူတွေကို လေးစားတယ်၊ နားလည်မှုပေးနိုင်တယ်'

'ကျွန်တော် အလုပ်ကို ကြိုးစားမယ်'

'ကျွန်တော်က အလုပ်ကို ဂရုစိုက်တယ်...

'ကျွန်တော်က ယုံကြည်ခံရသူတစ်ယောက်ဖြစ်တယ်'

သင့်ဘက်က အားသာချက်များကို ဆက်လက် ထိန်းသိမ်းထားရှိပြီး အားနည်းချက်တွေ နည်းပါးအောင် ကြိုးစားဆောင်ရွက်ပေးပါ။

သင်က စဉ်းစားတွေးခေါ်မှုပုံစံ ၃ မျိုးစလုံးကို အကျိုးရှိရှိ အသုံးချနိုင်တယ်ဆိုရင် အမျိုးမျိုးသော ပြဿနာ အခက်အခဲတွေကို အကောင်းဆုံး ဖြေရှင်းပေးနိုင်မှာ ဖြစ်ပါတယ်။

## ခေါင်းဆောင်မှုပုံစံများ

စိတ်ပညာရှင် 'ဒယ်နီယယ်ရိုးလ်မန်း' က စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုရဲ့ ထူးခြားသော အခြေအနေကောင်းတွေကို လက်ခံယုံကြည်ပြီး စီမံခန့်ခွဲမှုဆိုင်ရာကိစ္စတွေမှာ စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးတွေကို ထည့်သွင်းအသုံးချသင့်ကြောင်း အကြံပြုခဲ့ဖူးပါတယ်။


mgyoe.com

mgyoe.com


သင့်ဆီမှာ စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးတွေ အားကောင်းနေတဲ့အခါ သင့်ကိုယ်ပိုင်စိတ်ခံစားမှုတွေကိုရော အခြားလူတွေရဲ့ စိတ်ခံစားမှုတွေကိုပါ အပြည့်အဝ နားလည်နိုင်စွမ်းရှိပြီး အခြေအနေ အချိန်အခါ နေရာဒေသအလိုက် သင့်လျော်စွာ ပြုမူပြောဆိုနိုင်စွမ်းနဲ့ လိုက်လျောညီထွေစွာ လုပ်ကိုင်နိုင်စွမ်းတွေ ရှိလာပါလိမ့်မယ်။

စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေး ကောင်းမွန်သူတွေဟာ ကိုယ်ချင်းစာစိတ် ပြည့်ဝပြီး တစ်ဖက်သားအပေါ် အပြည့်အဝနားလည်ပေးနိုင်စွမ်းလည်း ရှိကြပါတယ်။

**စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးပါရှိသော ခေါင်းဆောင်မှုပုံစံ ၆ မျိုး**




mgyoe.com

mgyoe.com



## ၁။ အတင်းအကျပ်လုပ်ဆောင်စေသော ခေါင်းဆောင်မှုပုံစံ

- ❖ လူအများအား လိုက်လျောပေးဖို့ အတင်းအကျပ် တောင်းဆိုတတ်ခြင်း
- ❖ တိုးတက်အောင်မြင်မှုရရှိစေဖို့ အပြင်းအထန်ကြိုးစားစေခြင်း
- ❖ မိမိကိုယ်ကိုယ် ထိန်းချုပ်နိုင်စွမ်းရှိခြင်း
- ❖ အဓိကပြောဆိုလေ့ရှိသော စကားအသုံးအနှုန်း 'ကျုပ်ပြောသလိုသာ လုပ်ပါ'
- ❖ (မကောင်းသော အကျိုးသက်ရောက်မှုများ ရှိတတ်သည်)



mgyoe.com

mgyoe.com


## ၂။ အာဏာပြသော/ဩဇာရှိန်ဝါသုံးသော ခေါင်းဆောင်မှုပုံစံ

- ထင်ရှား၊ ရှင်းလင်းသော အမြင်ဖြင့် တိကျစွာလုပ်ကိုင် ဆောင်ရွက်စေဖို့ ဦးစီးခေါင်းဆောင်နိုင်ခြင်း
- ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိခြင်း၊ မျှဝေခံစားနားလည်နိုင်စွမ်းရှိခြင်း
- အဓိကပြောဆိုလေ့ရှိသော စကားအသုံးအနှုန်း 'ကျုပ်နှင့်အတူ လိုက်လုပ်ကြည့်ပါ'
- (အကောင်းဆုံးသော အကျိုးသက်ရောက်မှုများ ရှိစေသည်)

## ၃။ အဖွဲ့အစည်းနှင့် တိုက်ရိုက်ချိတ်ဆက်ပြီး ထိန်းချုပ်နိုင်စွမ်းရှိသော ခေါင်းဆောင်မှုပုံစံ

- အလုပ်ခွင်အတွင်း လူအများနှင့် သဟဇာတဖြစ်စွာ ပူးတွဲဆောင်ရွက်ခြင်း
- ရင်းနှီးချစ်ကြည်မှုများ တာရှည်ခိုင်မြဲအောင် ကြိုးစားခြင်း
- မျှဝေခံစားနိုင်စွမ်းရှိခြင်း၊ ဆက်ဆံရေးကောင်းမွန်ခြင်း၊ ဆက်သွယ်ပြောဆိုမှုများ၌ ကျွမ်းကျင်မှုရှိခြင်း
- အဓိကပြောဆိုလေ့ရှိသော စကားအသုံးအနှုန်း 'အများကို ပထမဦးစားပေးရမယ်...'
- (အပြုသဘောဆောင် အကောင်းမြင်စေသော အကျိုးသက်ရောက်မှုရှိစေသည်)

## ၄။ ဒီမိုကရေစီဝါဒအခြေခံသော ခေါင်းဆောင်မှုပုံစံ

- လူအများဆန္ဒကို ဦးစားပေးတတ်ခြင်း
- အသင်းအဖွဲ့စိတ်ဓာတ်ထားရှိနိုင်ခြင်း
- အရာရာ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်ခြင်း

mgyoe.com

mgyoe.com


- ကျွမ်းကျင်သော ပြောဆိုဆက်ဆံရေးများ တည်ဆောက်နိုင်ခြင်း
- အဓိကပြောဆိုလေ့ရှိသော စကားအသုံးအနှုန်း 'သင်ဘယ်လိုထင်သလဲ'
- (ကောင်းသော အကျိုးသက်ရောက်မှုများ ဖြစ်စေသည်)

## ၅။ ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ဦးဆောင်သည့် ဦးဆောင်မှုပုံစံ

- စွမ်းဆောင်ရည်မြင့်မားအောင် စံချိန်စံညွှန်း သတ်မှတ်ချက်တွေအတိုင်း ကြိုးစားဆောင်ရွက်ဖို့ အစီအစဉ်ချပေးခြင်း
- လုပ်ငန်းတိုးတက်ဖို့အတွက် အတင်းအကျပ်ဆောင်ရွက်စေခြင်း
- အဓိကပြောဆိုလေ့ရှိသော စကားအသုံးအနှုန်း 'ကျုပ်လုပ်သလိုလိုက်လုပ်ပေးပါ'
- (မကောင်းသော အကျိုးသက်ရောက်မှုများ ဖြစ်စေသည်။)

## ၆။ လေ့ကျင့်သင်ကြားမှုများပါသော ခေါင်းဆောင်မှုပုံစံ

- မိမိတစ်ကိုယ်ရေ ကျွမ်းကျင်မှုရှိရေးသာမက အခြားလူတွေကိုပါ လုပ်ငန်းကျွမ်းကျင်မှုရှိအောင် လေ့ကျင့်သင်ကြားပေးခြင်း
- ကိုယ့်ကိုယ်ကိုယ် အမှားနည်းအောင် အစဉ်သဖြင့် စောင့်ကြည့် သတိထားပြီး အခြားလူတွေအပေါ် မျှဝေခံစားနားလည်မှုရှိခြင်း၊ အများကောင်းကျိုးကို လိုလားခြင်း
- အဓိက ပြောဆိုလေ့ရှိသော စကားအသုံးအနှုန်း 'စမ်းလုပ်ကြည့်ပါ၊ ကြိုးစားကြည့်ပါ'
- (ကောင်းမွန်သော အကျိုးသက်ရောက်မှုများ ဖြစ်စေသည်)

mgyoe.com

mgyoe.com



သင်က ကိုယ်ပိုင်တန်ဖိုးတွေကို လက်ခံယုံကြည်တယ်ဆိုရင်… သင့်ရဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူရတဲ့ အခန်းကဏ္ဍကို ပိုမိုတိုးတက်စေပြီး သင်က အခြားလူတွေရဲ့ တိုးတက်ရာ တိုးတက်ကြောင်း အကျိုးစီးပွားတွေကို ရှေးရှုတဲ့အခါ… လူအများက သင့်ကို ရိုးသားဖြူစင်သူတစ်ယောက်အဖြစ် လေးစားကြည်ညိုလာမှာ ဖြစ်ပါတယ်။

သင်ဟာ ခေါင်းဆောင်ကောင်းတစ်ယောက်မှာ ရှိသင့်တဲ့ စိတ်နေစိတ်ထားတွေအတိုင်း အများကို တိုးတက်စေချင်တယ်ဆိုရင် အဲဒီကောင်းမြတ်တဲ့ စိတ်စေတနာအတိုင်း သင်လည်း တိုးတက်အောင်မြင်မှုတွေ ကေန်ရရှိမှာ ဖြစ်ပါတယ်။

## ကိုယ့်ကိုယ်ကိုယ် သတိမူနိုင်စွမ်းတွေ တိုးတက်မြင့်မားလာစေခြင်း

သင်က ကိုယ့်ကိုယ်ကိုယ် သတိမူနိုင်စွမ်းတွေ တိုးတက်မြင့်မားလာတဲ့အခါ သင့်ကိုယ်သင်သာမက အခြားလူတွေကိုပါ သတိမူနိုင်စွမ်းတွေ ရှိလာပါလိမ့်မယ်။

သင့်ကိုယ်သင် သတိမူနိုင်စွမ်းရှိတယ်ဆိုတာဟာ သင့်ရဲ့ စဉ်းစားတွေးခေါ်မှုတွေ သင့်ရဲ့စိတ်ခံစားချက်တွေ ဖြစ်နိုင်ခြေအမျိုးမျိုးကို ကိုယ်စားပြုတဲ့ တုံ့ပြန်မှုတွေနဲ့ သင့်ရဲ့ နားထောင်နိုင်စွမ်းတွေအပေါ် ခွဲခြမ်းစိတ်ဖြာ လေ့လာနိုင်ခြင်းကို ဆိုလိုပါတယ်။

ကိုယ့်ကိုယ်ကိုယ် သတိမူနိုင်စွမ်းမြင့်တက်လာတဲ့ သင့်အနေနဲ့ အခြားလူတွေကိုရော သင့်ရဲ့လုပ်ငန်း အဖွဲ့အစည်းတစ်ခုလုံးကိုပါ သတိမူနိုင်စွမ်းတွေရှိလာမှာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com


**ထိရောက်သော အကြံပြုချက်**

လိုအပ်သလို အပြောင်းအလဲများ လုပ်နိုင်အောင် ကြိုးစားပေးပါ။ သင့်ရဲ့ စိတ်နေစိတ်ထားတွေ၊ အမူအကျင့်တွေကို လိုအပ်သလို ပြောင်းလဲပြီး အသစ်အဆန်း ဖန်တီးနိုင်စွမ်းတွေနဲ့ ကျွမ်းကျင်မှုအသစ်တွေ ရရှိအောင်လည်း ကြိုးစားရမှာဖြစ်ပါတယ်။

သင့်ထံမှာရှိတဲ့ အရင်းအမြစ်ကောင်းတွေနဲ့ သင့်လုပ်ငန်းအဖွဲ့အစည်းမှရတဲ့ အရင်းအမြစ်ကောင်းတွေကို သင့်လုပ်ငန်းစဉ်တစ်ခုလုံး တိုးတက်ရေးအတွက် သူ့နေရာနဲ့သူ အသုံးချပေးပါ။

## ကိုယ်ပိုင်အသိဉာဏ်ဗဟုသုတများကို အသုံးချခြင်း

သင့်ကိုယ်ပိုင် အသိဉာဏ်တွေကို အသုံးချရာမှာ စံချိန်စံညွှန်းပြည့်မီရေးအတွက် ထက်မြက်သော ဦးနှောက်အသိဉာဏ်ကို အသုံးချခြင်းထက် အများအပေါ် နားလည်/ မျှဝေပေးနိုင်စွမ်းတွေပါတဲ့ စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးကို အသုံးချခြင်းက ပိုပြီး သင့်လျော်မှုရှိပါတယ်။

mgyoe.com

mgyoe.com


**စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးအား အသုံးပြုခြင်း**

စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးတွေကို အသုံးပြုတယ်ဆိုရာမှာ အောက်ပါအခြေအနေတွေကို ဆိုလိုပါတယ်။

**စိတ်ခံစားမှုများကို အသိအမှတ်ပြုခြင်း**

**စိတ်ခံစားမှုများအား ထိန်းချုပ်နိုင်စွမ်းရှိခြင်း**

**စိတ်ခံစားမှုများအား အသုံးချခြင်း**

**မျှဝေခံစား နားလည်နိုင်စွမ်းရှိခြင်း**

**ပြုစုပျိုးထောင် မြေတောင် မြှောက်ပေးခြင်း**

ခေါင်းဆောင်တွေ ကြုံတွေ့ရတဲ့ စိတ်ခံစားမှုတွေဟာ လုပ်ငန်း အဖွဲ့အစည်းတစ်ခုလုံးရဲ့ တိုးတက်မှုရှိစေဖို့ အခြေအနေအရပ်ရပ်ကို အပြောင်းအလဲ ဖြစ်စေပါတယ်။

**အကျိုးရလဒ်များကို အကဲဖြတ်ခြင်း**

သင့်အတွင်းစိတ်မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ်ကို နားလည်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းတွေ လုပ်နိုင်တာနဲ့အမျှ သင့်လုပ်ငန်းအဖွဲ့အစည်းရဲ့ အကျိုးရလဒ်အမျိုးမျိုးကို အကဲဖြတ်ချင့်တွက်ပေး

mgyoe.com

mgyoe.com


နိုင်မှာ ဖြစ်ပါတယ်။

အကျိုးရလဒ်တွေကို အကဲဖြတ်ချင့်တွက်ရာမှာ အောက်ပါ ဆောင်ရွက်မှုတွေ လိုအပ်လျက်ရှိပါတယ်။

- ❖ သင့်ရဲ့ စိတ်အလိုလိုက်ခြင်းတွေကို လျှော့ချပြီး ပျင်းရိငြီးငွေ့မှုတွေအကြားမှ လွတ်မြောက်အောင် ရုန်းကန်ပေးပါ။ အလိုဆန္ဒတွေ ပြည့်ဝစေချင်သော်လည်း အပြုသဘောဆောင် အကောင်းမြင်သောစိတ်ကို မွေးမြူပြီး တရားနည်းလမ်းကျစွာ ဆောင်ရွက်ပေးပါ။
- ❖ စိတ်ညစ်စရာ၊ ဝမ်းနည်းစရာကောင်းတဲ့ အခြေအနေတွေက သင့်အား စိတ်ရှုပ်ထွေးစရာဖြစ်စေပြီး ပျော်ရွှင်တဲ့ စိတ်အခြေအနေတွေက သင့်အတွက် ကောင်းတဲ့စိတ်ကူးတွေ၊ ပြဿနာဖြေရှင်းနိုင်စွမ်းတွေ ဖြစ်စေပါလိမ့်မယ်။ သင်က စွမ်းဆောင်ရည်ကောင်းတွေနဲ့ မှန်ကန်တဲ့စဉ်းစားတွေးခေါ်မှုတွေကိုပါ ပိုင်ဆိုင်ထားနိုင်ပြီဆိုရင် အချိန်ကို စီမံခန့်ခွဲနိုင်စွမ်းကိုပါ ထပ်မံပေါင်းထည့် ပေးနိုင်ပါက အောင်မြင်တဲ့ ခေါင်းဆောင်တစ်ယောက်အဖြစ် ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။ စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးကို ကောင်းစွာအသုံးချနိုင်ခြင်းဖြင့် သင်ဟာ အောက်ပါအကျိုးရလဒ်တွေကို ရရှိမှာဖြစ်ပါတယ်။
- ❖ သင့်စိတ်ခံစားချက်တွေကို တိကျစွာ အမျိုးအစားခွဲခြားခြင်း၊ အခြားလူတွေရဲ့ ခံစားချက်တွေကိုလည်း အမျိုးအစားခွဲခြားနိုင်ခြင်း
- ❖ ကိုယ့်ကိုယ်ကိုယ် သတိထားနိုင်စွမ်းရှိခြင်းကြောင့် သင်ဘာတွေ ဘယ်လိုခံစားရတယ်ဆိုတာကို တစ်စထက်တစ်စ ပိုပိုပြီးနားလည်လာမှာ ဖြစ်ပါတယ်။
- ❖ သင်ဘယ်လို ခံစားတယ်ဆိုတာတွေက သင်ဘယ်လိုစဉ်းစားတယ်ဆိုတဲ့ အခြေအနေအပေါ် ဩဇာသက်ရောက်မှုရှိတာကို အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com


- သင့်ရဲ့ စိတ်အခြေအနေကို သိခြင်းဟာ အမျိုးမျိုးသော အခြေအနေတိုင်းအတွက် အကောင်းဆုံးတွေကို ဖြစ်စေပါတယ်။
- အခြားလူတွေက သင့်ရဲ့ စိတ်ခံစားမှုတွေအပေါ် ကိုင်တွယ်ထိန်းချုပ်ခြင်းကို သင်က ခွင့်ပြုမည်မဟုတ်ပါ။
- သင့် စိတ်ခံစားချက်တွေကို အကောင်းဆုံး ကိုင်တွယ်ဖြေရှင်းနိုင်စေဖို့ ထိရောက်တဲ့ မဟာဗျူဟာတွေကို အသုံးပြုပေးပါ။
- ကောင်းတဲ့ အပြုအမူတွေ လုပ်နိုင်စေဖို့ သင့်စိတ်ခံစားချက်တွေကို ထိန်းချုပ်ပေးပါ။ သင်က အတားအဆီး အနှောင့်အယှက်တွေကို ကြုံတွေ့ရတဲ့အခါ၊ အခက်အခဲ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်ရတဲ့ အခါတွေမှာလည်း စိတ်ခံစားမှုတွေကို ထိန်းချုပ်ပြီးမှ ပြဿနာကို ပြေလည်အောင် ဖြေရှင်းပေးပါ။
- စိတ်ခံစားမှုတွေဟာ အခြားလူတွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ထောက်ပံ့ပေးလျက် ရှိတာကို အသိအမှတ်ပြုပေးပါ။
- အခြားလူတွေရဲ့ ရှုထောင့်မှ အခြေအနေတစ်ရပ်ကို တွေ့နိုင်စွမ်းရှိအောင် ကြိုးစားပေးပါ။
- အခြားလူတွေအတွက် မှန်ကန်စွာ ပြုစုစောင့်ရှောက်ပေးပါ။
- လူအများရဲ့ ထူးခြားတဲ့ အရည်အချင်းတွေအတွက် သင့်ဘက်က နှစ်ထောင်းအားရ အမှန်တကယ် ဖြစ်ပေါ်ကြောင်း ထုတ်ဖော်ပြသပေးပါ။
- ရည်မှန်းချက်တွေ ချမှတ်တဲ့အချိန်မှာ အခြားလူတွေရဲ့ နှလုံးသားထဲထိ စွဲမြဲနေအောင် စိတ်ဝင်စားစေမယ့် အချက်တွေကို ထည့်သွင်းရေးဆွဲပေးပါ။

mgyoe.com

mgyoe.com


## အမြင်များမှတစ်ဆင့် ခေါင်းဆောင်ခြင်း

စီးပွားရေးလုပ်ငန်းရှင်များလောကရဲ့ ခေါင်းဆောင်တစ်ယောက်အဖြစ် သင်ဟာ လုပ်ငန်းအဖွဲ့အစည်းရဲ့ တန်ဖိုးတွေ မြင့်တက်အောင် မျှော်လင့်ချက်ကောင်းတွေနဲ့ ဆောင်ရွက်နိုင်ပြီး ထူးခြားတဲ့အမြင်များမှတစ်ဆင့် ထိရောက်တဲ့ ခေါင်းဆောင်နိုင်စွမ်းတွေရရှိအောင် ကြိုးစားနိုင်ပါလိမ့်မယ်။

## သင်၏ ထူးခြားသောအမြင်များအား စီစဉ်တင်ပြခြင်း

စီးပွားရေးလုပ်ငန်းရှင်များလောကရဲ့ ခေါင်းဆောင်တွေဟာ သူတို့ဦးဆောင်နေတဲ့ လုပ်ငန်းအဖွဲ့အစည်းတွေကို ဦးဆောင်နိုင်ဖို့နဲ့ လုပ်ငန်းရဲ့တန်ဖိုးတွေ မြင့်မားတိုးတက်လာစေဖို့ သူတို့ရဲ့ အသင်းအဖွဲ့ဝင်တွေကို ထူးခြားတဲ့ အမြင်တွေနဲ့ ကူညီနိုင်အောင် ကြိုးစားလေ့ရှိကြပါတယ်။

လုပ်ငန်းနဲ့ တိုက်ရိုက်သက်ဆိုင်နေတဲ့ အမြင်တွေကို စီစဉ်တင်ပြပေးနိုင်ခြင်းအားဖြင့် သင့်လုပ်ငန်း အသင်းအဖွဲ့တစ်ခုချင်းစီက တစ်ဆင့်လုပ်ငန်းအဖွဲ့အစည်းကြီး တစ်ခုလုံး တိုးတက်အောင်မြင်အောင် အမြင်သစ်တွေနဲ့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ထူးခြားတဲ့ အမြင်တွေ ရှိလာပြီဆိုရင်... သင့်လုပ်ငန်းအဖွဲ့အစည်းတစ်ရပ်လုံးအတွက် မဟာဗျူဟာမြောက် ဦးတည်ချက်တွေကို ရေးဆွဲပေးနိုင်ပြီး သင့်ရဲ့ခေါင်းဆောင်နိုင်စွမ်းဆိုတဲ့ အခန်းကဏ္ဍကိုလည်း ပိုမိုခမ်းနားထည်ဝါအောင် ဖန်တီးပုံဖော်ပေးနိုင်မှာ ဖြစ်ပါတယ်။

သင့်အနေနဲ့ သတိပြုရမယ့်အချက်ကတော့ သင့်အသင်းအဖွဲ့ရဲ့ လုပ်ငန်းအစီအစဉ်တွေ တိုးတက်စွာ အကောင်အထည်ဖော်နိုင်ရေးနဲ့ မဟာဗျူဟာမြောက် အနာဂတ်အစီအစဉ်တွေကို ချမှတ်ဆောင်ရွက်နိုင်ရေးပဲ ဖြစ်ပါတယ်။ ❐

mgyoe.com

mgyoe.com

## အာရုံစူးစိုက်ဆောင်ရွက်ပါ

သင်က အလုပ်ခွင်အတွင်း ခေါင်းဆောင်ကောင်းတစ်ယောက်ပီသစွာနဲ့ စွမ်းဆောင်ရည်မြင့်မားနေမယ်ဆိုရင် သင့်ရဲ့ အသင်းအဖွဲ့က သင့်အပေါ် လေးစားရိုသေမှုတွေ ရှိကြမှာဖြစ်ပြီး သင့်ရဲ့သြဇာရှိန်ဝါက လည်း တစ်ဆက်တည်း မြင့်တက်လာမှာ ဖြစ်ပါတယ်။

သင့်အတွက် အချိန်ဟာ အလွန်တန်ဖိုးရှိတဲ့ အခြေခံအရင်းအမြစ်ဖြစ်တာကို သိနားလည်ပြီဆိုတာနဲ့ သင့်အောင်မြင်မှုအတွက် လုံလောက်တဲ့အချိန်အတွင်း အပြည့်အဝကြိုးစားနိုင်မှာ ဖြစ်ပါတယ်။

သင့်အသင်းအဖွဲ့ရဲ့ အနာဂတ်ကာလ တိုးတက်မှုတွေအတွက် သင့်ဘက်က အကောင်းဆုံးကြိုးစားနိုင်ပေမဲ့ အာမခံချက်ပေးခြင်း/ ကတိစကားပြောဆိုခြင်းတွေ လွန်ကဲမှုမရှိအောင် သတိပြုပေးပါ။

mgyoe.com

mgyoe.com


**ထိရောက်သော အကြံပြုချက်**

"ဘာကြောင့်" (why)... ဆိုသော အကြောင်းပြချက်နဲ့ ပတ်သက်တဲ့ အခြေအနေမှန်ကို တစ်ဖက်လူ စိတ်ကျေနပ်အောင် အကြောင်း အကျိုးညီစွာဖြင့် ရှင်းပြပေးပါ။

အကြောင်းပြချက်နဲ့ ပက်သတ်ပြီး ရှင်းပြနိုင်သော နည်းလမ်း ၂ ရပ်ရှိပါတယ်။ ရှင်းပြချက် A အနေနဲ့ အတိတ်ကာလ အခြေအနေများနဲ့ လက်ရှိကာလအခြေအနေများကို အကြောင်း အကျိုးညီစွာ ရှင်းပြနိုင်ပါတယ်။

ရှင်းပြချက် B အနေနဲ့ အနာဂတ်ကာလမှာ ဖြစ်လာနိုင်ခြေများတဲ့ကိစ္စတွေအတွက် အကြောင်းအကျိုးညီစွာ (ခန့်မှန်း) ရှင်းပြနိုင်ပါတယ်။

## သင့်ကိုယ်ပိုင်အမြင်များကို တိုးတက်စေခြင်း

သင်အဓိက ဦးဆောင်နေတဲ့ လုပ်ငန်းအဖွဲ့အစည်းအတွင်း ထူးခြားတဲ့ အမြင်တွေတိုးတက်အောင် ကြိုးစားလုပ်ဆောင်ဖို့လိုပါတယ်။

သင့်အမြင်တွေကို အကြမ်းဖျင်းအားဖြင့် မှတ်စုထဲမှာ ချရေးထားပြီး မျက်နှာစုံညီစည်းဝေးပွဲတွေမှာ တင်ပြပေးပါ။

သင့်အမြင်အပေါ် အများက ထောက်ခံ၊ သဘောတူညီမှုဘယ်လောက် ရှိတယ်၊ သင့်အမြင်တွေက သင့်လုပ်ငန်း အဖွဲ့အစည်းကို ဘယ်လောက် အတိုင်းအတာအထိ ကောင်းကျိုးရှိစေမယ်ဆိုတာကို အများရဲ့ ထင်မြင်ချက်တွေ အမြင်ရှုထောင့်တွေနဲ့ ချိန်ညှိပေးပါ။

သင့်အမြင်အပေါ် ပိုပြီး ပြည့်စုံတိကျအောင် အများက ဖြည့်စွက်ပေးတဲ့အခါမှာလည်း ကျေနပ်စွာ လက်ခံပေးပါ။

သင်ဟာ ခေါင်းဆောင်တစ်ယောက်ဖြစ်ပြီး သင့်လုပ်ငန်းအဖွဲ့

mgyoe.com

mgyoe.com


အစည်းတစ်ခုလုံးရဲ့ တိုးတက်မှုအဝဝအတွက် တာဝန်ရှိသူဖြစ်တာကြောင့် သင့်ရဲ့ ကိုယ်ပိုင် တိုးတက်ကောင်းမွန်တဲ့ အမြင်တွေကို သင့်လုပ်ငန်း အတွက် အပြည့်အဝ အသုံးချပေးပါ။

**အသင်းအဖွဲ့၏ ရည်မှန်းချက်များအောင်မြင်ဖို့ အထောက်အပံ့ဖြစ်စေသော အကြောင်းအချက်တွေဖြစ်လာအောင် ဘယ်လိုလုပ်ရမည်ဆိုသည်ကို တစ်ဦးချင်းအလိုက် နားလည်သိရှိစေခြင်း**

**❖ အသင်းအဖွဲ့နှင့်အတူ အလုပ်လုပ်ခြင်း**

သင်ဟာ အလုပ်ခွင်အတွင်း ခေါင်းဆောင်ရတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေရတယ်ဆိုရင်... လုပ်ငန်းအောင်မြင်မှုရရှိနိုင်တဲ့ ထူးခြားတဲ့ အမြင်တွေ၊ အများကို စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်တဲ့ အမြင်တွေရှိဖို့ လိုအပ်သလို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စွမ်းတွေလည်း ရှိဖို့လိုအပ်ပါတယ်။

သင့်ရဲ့ဦးဆောင်မှုတွေက တိကျမှုရှိတယ်ဆိုရင် သင့်လက်အောက်က လူတိုင်းဟာ သင့်နည်းတူအရာရာကို အကြောင်းအကျိုးညီညွတ်စွာဖြင့်သာ လက်ခံကြမှာဖြစ်ပြီး လက်တွေ့မပါတဲ့ သဘောတရားသက်သက်တွေကိုတော့ ဘယ်တော့မှ စိတ်ဝင်စားကြမှာ မဟုတ်ပါဘူး။

သင်က သင့်အသင်းအဖွဲ့ဝင်တွေနဲ့ တွဲဖက်လုပ်ကိုင်တဲ့အခါ သင်ရဲ့အမြင်နဲ့ အတွေးအခေါ် အကြံအစည်တွေကိုသာ ရှေ့တန်းတင်ခြင်းမရှိဘဲ အားလုံးရဲ့အမြင်နဲ့ အတွေးအခေါ်တွေအပေါ် တန်ဖိုးထားမှုဝေ ခံစားနားလည်နိုင်ခြင်းတွေနဲ့ လုပ်ငန်းတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com


**သင့်အသင်းအဖွဲ့နှင့်အတူ အလုပ်တွဲလုပ်ရာ၌ ဆောင်ရွက်ရမည့် အချက်များ**

**၁။ လူတိုင်းအား သူ့နေရာနှင့်သူအရေးပါသော အခန်းကဏ္ဍတွေမှာ ပါဝင်ခွင့်ရသူတွေအဖြစ် သဘောထားပြီး ဆက်ဆံပေးပါ။**

အသင်းအဖွဲ့တစ်ခုလုံးအတွက် အကောင်းဆုံးအကောင်အထည်ဖော်ဖို့ အသင်းအဖွဲ့ဝင်တွေရဲ့ အမြင်ကို မေးမြန်းပေးပါ။

ဘယ်အရာတွေက ကောင်းလွန်းပြီး ဘယ်အရာတွေက သိပ်မကောင်းဘူးဆိုတာကို သင့်ဆီသို့ အစီရင်ခံစေဖို့ ပြောပြပေးပါ။

**၂။ တစ်ဦးတစ်ယောက်ချင်းအလိုက်ကို မေးမြန်းပါ။**

အသင်းအဖွဲ့တစ်ခုလုံး တိုးတက်ရေးအတွက် လူတိုင်းဟာ နည်းလမ်းသစ်တွေကို ဆောင်ရွက်နိုင်ဖို့ လိုအပ်ပြီး လက်တွေ့ကျသော ခြေလှမ်းတွေကို တစ်လှမ်းချင်း၊ တစ်ဆင့်ချင်း လှမ်းနိုင်အောင် ကြိုးစားရပါမယ်။

ခေါင်းဆောင်ဖြစ်သူ သင်က အသင်းအဖွဲ့ဝင်တစ်ဦးချင်းစီအလိုက်ကို အခြေအနေ အကြောင်းအကျိုး၊ အကောင်းအဆိုးတွေနဲ့ ပတ်သက်ပြီး ကိုယ်ပိုင်အမြင်တွေ ဘယ်လိုရှိတယ်ဆိုတာကို မေးမြန်းပါ။ ပြင်သင့်တာကို ပြုပြင်ပေးပါ။

**၃။ အသင်းအဖွဲ့နှင့် အတူတွဲဖက်ဆောင်ရွက်ရာ၌ တစ်ဦးတစ်ယောက်ချင်းစီအလိုက် ပြောဆိုဆက်ဆံရ အဆင်ပြေလွယ်ကူစေတယ်ဆိုရင်** လုပ်ငန်းဆောင်ရွက်မှုတွေမှာ အရှိန်ကောင်းစွာ တိုးတက်စေမယ့် ကောင်းကျိုးတွေကို ရရှိပါ

mgyoe.com

mgyoe.com


လိမ့်မယ်။

ဒါကြောင့် **သင်က ပေးမစရာရှိတာ ပေးမပြီး ချီးမွမ်းစရာရှိတာ ချီးမွမ်းပါ။** "ကျေးဇူးတင်ပါတယ်" ဆိုသော စကားကို အသင်းအဖွဲ့ဝင်တွေ တစ်ဦးချင်းအလိုက်အား စိတ်ဓာတ်နိုးကြားတက်ကြွအောင် လှုံ့ဆော်တဲ့အနေနဲ့ မပြစ်မနေ ပြောဆိုပေးပါ။

**၄။ အသင်းအဖွဲ့အလိုက် အောင်ပွဲခံပေးပါ။**

အသင်းအဖွဲ့ဝင်အချင်းချင်း စည်းလုံးညီညွတ်စွာ အတူတူ လက်တွဲဆောင်ရွက်နိုင်ဖို့ အသင်းအဖွဲ့တစ်ခုလုံးအား ကိုယ်စားပြုစွာ အောင်ပွဲခံပေးပါ။ မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ သေးငယ်တဲ့ ခြေလှမ်းနဲ့သာ လှမ်းနိုင်သည်ဖြစ်စေ အသိအမှတ်ပြုပေးပါ။

**၅။ စူးစမ်းရှာဖွေမှုများ ပြုလုပ်ပေးပါ။**

ဘဝအတွေ့အကြုံများ၊ အသိပညာဗဟုသုတများ၊ ကျွမ်းကျင်မှုများ၊ စွမ်းဆောင်ရည်များကို သင့်သလို ပေါင်းစပ်ပြီး လက်တွေ့အသုံးချနိုင်အောင် ဆောင်ရွက်ပေးပါ။

အသစ်အဆန်းများ ဖန်တီးနိုင်အောင် ကြိုးစားပေးပါ။

**သင်ပါဝင်ဆောင်ရွက်ရသော အခန်းကဏ္ဍ**
**တိုးတက်အောင်မြင်အောင် ဆောင်ရွက်ခြင်း**

လုပ်ငန်းအဖွဲ့အစည်းတွေ ကြီးပွားတိုးတက်အောင် အသင်းအဖွဲ့အလိုက် အမြင်သစ်၊ စိတ်ကူးအကြံစည်သစ်တွေနဲ့ ကြိုးစားအကောင်အထည်ဖော်ကြရပါတယ်။ အသင်းအဖွဲ့ ကြီးပွားတိုးတက်လာတဲ့အချိန်မှာ သက်ဆိုင်ရာ ခေါင်းဆောင်အသီးသီးအနေနဲ့ သူတို့တာဝန်ယူ ဆောင်

mgyoe.com

mgyoe.com


ရှက်မှုတွေကို အတတ်နိုင်ဆုံး လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ဆောင်ရွက်ပေးရတတ်ပါတယ်။ ထိုအခြေအနေအရ ခေါင်းဆောင်အဖြစ်ရပ်တည်တဲ့ သင့်ရဲ့အခန်းကဏ္ဍဟာ ပိုမိုကြီးမားကျယ်ပြန့်လာပြီး ပိုပြီးမဟာဗျူဟာမြောက်တဲ့ စွမ်းဆောင်ချက်တွေ လိုအပ်လာပါလိမ့်မယ်။ သင့်ရဲ့ ခေါင်းဆောင်အဖြစ် ရပ်တည်ရတဲ့ အခန်းကဏ္ဍကို တိုးတက်အောင်မြင်စေမယ့်၊ သင့်ကို စွမ်းဆောင်ရည်ပြည့်ဝတဲ့ ခေါင်းဆောင်ဖြစ်စေမယ့် အခြေအနေကတော့ လိုက်လျောညီထွေ ပြောင်းလဲခြင်းတွေပဲဖြစ်ပါတယ်။

## လုပ်ငန်းစတင်ဆောင်ရွက်ခြင်း

လုပ်ငန်းတစ်ခု စတင်တည်ထောင်ချိန်မှာ စီးပွားရေးလုပ်ငန်းရှင် စီးပွားရေးစွမ်းဆောင်ရှင်ဖြစ်လာမယ့် သူတိုင်းဟာ ဖောက်သည်သစ်တွေ့ဆီ ဝန်ဆောင်မှုအသစ်တွေနဲ့ ဆွဲဆောင်နိုင်ရေးကို အဓိက အာရုံစိုက်တတ်ကြပါတယ်။

လုပ်ငန်းစတင် ဆောင်ရွက်ချိန်အတွင်း ခေါင်းဆောင်တစ်ယောက်ရဲ့ အခန်းကဏ္ဍဟာ ဖောက်သည်တွေနဲ့ မိမိရဲ့ အရောင်းဝန်ထမ်းတို့အကြား အနီးကပ်ဆက်ဆံပြောဆိုမှုတွေ တိုးတက်ဖို့၊ ထုတ်ကုန်ပစ္စည်းအရည်အသွေးတိုးတက်ဖို့ ကိစ္စတွေကိုသာ အဓိကတာဝန်ယူဆောင်ရွက်ပါလိမ့်မယ်။

ခေါင်းဆောင်တာဝန်ယူရသူတွေအနေနဲ့ လုပ်ငန်းစတင်ခါစအချိန်မှာ အမှားအယွင်းကင်းကင်းနဲ့ တဖြည်းဖြည်း အရှိန်ယူတိုးတက်နိုင်ရေးကို အဓိကထား ဆောင်ရွက်ပါလိမ့်မယ်။

လုပ်ငန်းက ပုံမှန်အတိုင်းလည်ပတ်နိုင်ပြီး အသားကျလာတဲ့အခါ ခေါင်းဆောင်လုပ်သူက စဉ်းစားတွေးခေါ်မှု အသစ်တွေ စိတ်ကူးအကြံ

mgyoe.com

mgyoe.com


အစည်အသစ်တွေကို လက်တွေ့ အကောင်အထည်ဖော်နိုင်ဖို့နဲ့ မှန်ကန်တဲ့ ရွေးချယ်မှုတွေအပေါ် ဆုံးဖြတ်ချက်ချနိုင်ဖို့ စဉ်းစားရတော့မှာ ဖြစ်ပါတယ်။

အမေရိကန်ရဲ့ ကုမ္ပဏီပေါင်းများစွာထဲက အလျင်မြန်ဆုံး တိုးတက်ကြီးပွားလာတဲ့ ကုမ္ပဏီတွေဟာ သူတို့ကို တည်ထောင်သူ လုပ်ငန်းရှင်တွေရဲ့ ပြောင်မြောက်သော စွမ်းဆောင်ရည်တွေကြောင့်သာ ဖြစ်ပါတယ်။

❐

mgyoe.com

mgyoe.com

# လျှင်မြန်သော ကြီးပွားတိုးတက်ခြင်း

လုပ်ငန်းအဖွဲ့အစည်းအတွင်း ကြီးပွားတိုးတက်မှုတွေ ရှိလာတဲ့အခါ နောက်ဆက်တွဲအနေနဲ့ ဖြစ်ပေါ်နေကျ ပြဿနာတွေကလည်း တစ်ခါတည်းကပ်ပါလာတတ်ပါတယ်။ အများအားဖြင့် ကြုံ တွေ့ရတဲ့ ပြဿနာတွေကတော့ ကုန်ပစ္စည်း အရည်အသွေးပိုင်းဆိုင်ရာ ပြဿနာ၊ ဖြန့်ဝေခြင်းပြဿနာ၊ အသင်းအဖွဲ့ဝင်များနှင့် ဖောက်သည်တို့ရဲ့ ဆက်ဆံရေးပြဿနာ၊ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းနဲ့ မညီတဲ့ ပြဿနာတွေပဲ ဖြစ်ပါတယ်။

ထိုအဆင့်မှာ ခေါင်းဆောင်လုပ်သူ သင်ဟာ စီမံခန့်ခွဲမှုပိုင်းအားကောင်းသောသူတွေ၊ မန်နေဂျာတွေနဲ့ တွဲဖက်ဆောင်ရွက်မှုတွေလုပ်ရတတ်ပြီး ထိရောက်တဲ့ အကြံပြုချက်တွေနဲ့ အကောင်းဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ခေါင်းဆောင်လုပ်သူ သင်က ကြုံတွေ့ရတဲ့ ပြဿနာတိုင်းကို ထိရောက်စွာဖြေရှင်းမယ်။ သက်ဆိုင်ရာ အသင်းအဖွဲ့တွေနဲ့ အကောင်း

mgyoe.com

mgyoe.com



ဆုံး လက်တွဲဆောင်ရွက်မယ်ဆိုရင် သင်တာဝန်ယူဆောင်ရွက်တဲ့ လုပ်ငန်းကလည်း အချိန်တိုအတွင်း အမြင့်မားဆုံးအထိ တိုးတက်လာမှာ ဖြစ်ပါတယ်။

သင်က ခေါင်းဆောင်တစ်ယောက်အဖြစ် ရေရှည်ရပ်တည်လိုတယ်ဆိုရင် သင့်အချိန်နှင့် ကြိုးစားအားထုတ်မှုတွေကို ခေါင်းဆောင်ခြင်းနဲ့ ဆက်ဆံပြောဆိုရေး နယ်ပယ်အတွက် အကျိုးရှိရှိ အသုံးပြုသင့်ပါတယ်။

## လုပ်ပိုင်ခွင့်အာဏာလွှဲပေးခြင်း

လုပ်ငန်းအဖွဲ့အစည်းက တိုးတက်လာတဲ့အချိန်မှာ သင်ဟာ လုပ်ငန်းအဖွဲ့အစည်းအတွက် ဆက်လက်တိုးတက်မှုတွေရရှိဖို့ ထိရောက်တဲ့မဟာဗျူဟာတွေ ရေးဆွဲဖို့လိုအပ်ပါလိမ့်မယ်။

လုပ်ငန်း တိုးတက်မှုအတွက် ခေါင်းဆောင်တွေ အဆင့်ဆင့်ထားရှိပြီး တာဝန်ခွဲဝေဆောင်ရွက်ခွင့်တွေ ပြုထားတာကြောင့် သက်ဆိုင်ရာခေါင်းဆောင်အလိုက် (မန်နေဂျာများအလိုက်) လုပ်ပိုင်ခွင့်အာဏာတွေ လွှဲပြောင်းပေးထားဖို့ လိုအပ်ပါတယ်။



mgyoe.com


mgyoe.com



အနာဂတ်ကာလတစ်လျှောက် တိုးတက်မှုတွေရရှိလာစေဖို့ ခေါင်းဆောင်အဆင့်ဆင့်ဟာ လုပ်ပိုင်ခွင့် အာဏာတွေ အကျိုးရှိရှိ အသုံးပြုပြီး တိုးတက်အောင် လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းခံရသူ ခေါင်းဆောင်တိုင်းဟာ အခြေအနေ အချိန်အခါအလိုက် မိမိတို့ တာဝန်ယူ ဆောင်ရွက်ရမယ့် ကိစ္စမှန်သမျှကို အနာဂတ်ကာလများ တစ်လျှောက်အထိ အကောင်းဆုံးကျေပွန်အောင် ထမ်းဆောင်ဖို့ လိုအပ်ပါတယ်။

❒



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

၂

# ခေါင်းဆောင်ခြင်းအခန်းကဏ္ဍကို ပီပြင်ထင်ရှားစေခြင်း

လုပ်ငန်းအတွင်း သင်က ခေါင်းဆောင်တစ်ယောက်အဖြစ် တာဝန်ယူရပြီဆိုရင် သင်ဟာ လေ့လာသင်ယူခြင်းတွေ လိုက်လျောညီထွေစွာ ပြောဆိုဆက်ဆံခြင်းတွေအတွက် သင့်ကိုယ်သင် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားဖို့လိုပါတယ်။ ခေါင်းဆောင် တာဝန်ယူထားရတဲ့ သင်ဟာ အလုပ်ခွင်အတွင်း ကြိုတင် မျှော်လင့်ထားခြင်းမရှိတဲ့ ပြဿနာအမျိုးမျိုးတွေ၊ စိန်ခေါ်မှုအမျိုးမျိုးတွေနဲ့ ကျိန်းသေရင်ဆိုင်ရဖွယ် ရှိနေတာကြောင့် အဘက်ဘက်က အကောင်းဆုံး ပြင်ဆင်ထားဖို့ လိုအပ်ပါတယ်။

mgyoe.com

mgyoe.com

## ခေါင်းဆောင်ဖို့အတွက် ကြိုတင်ပြင်ဆင်ခြင်း

သင်က ခေါင်းဆောင်တစ်ယောက် ဖြစ်လာပြီဆိုရင်… သင့်ထံမှ သို့မဟုတ် သင့်အသင်းအဖွဲ့ထံမှ ဖြစ်ပေါ်လာတဲ့ အခြေအနေအရပ်ရပ်ကို အချိန်တိုအတွင်း လျင်မြန်စွာ နားလည်နိုင်ဖို့ လိုပါတယ်။

သင့်ရဲ့အလုပ်ရှင် (သူဌေး)အနေနဲ့ သင့်အား လိုအပ်တဲ့ လမ်းညွှန်မှုတွေ ပေးပါလိမ့်မယ်။

သင့်အနေနဲ့ကတော့ လုပ်ငန်းအခြေအနေအပေါ် မူတည်ပြီး အကောင်းဆုံး ဘယ်လိုလုပ်ဆောင် ရမယ်ဆိုတာကို ကိုယ်ပိုင် စွမ်းဆောင်ရည်တွေ ဆုံးဖြတ်ချက်တွေနဲ့ အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။

### သင့်ကိုယ်သင် အသာစီးရအောင် ကြိုးစားဆောင်ရွက်ပေးပါ

သင်က အလုပ်ခွင်တစ်ခုရဲ့ ခေါင်းဆောင်ရာထူးမှာ တာဝန်ထမ်းဆောင်ဖို့ ပထမဆုံး အလုပ်မဝင်သေးခင်အတွင်း ခေါင်းဆောင်တစ်ယောက် ပီသစွာဖြင့် ရပ်တည်နိုင်ဖို့လိုအပ်သော ကြိုတင်ပြင်ဆင်မှုတွေ

mgyoe.com

mgyoe.com



လုပ်ပေးရပါမယ်။

ခေါင်းဆောင်တစ်ယောက်အဖြစ် အသာစီးရနိုင်ဖို့ သင်ဟာ အခြေခံကျတဲ့ လုပ်ဆောင်မှုတွေဖြစ်တဲ့ သုတေသနပြုခြင်း၊ အဖွဲ့အစည်းအတွက် လိုအပ်တဲ့အစီအစဉ်များ ရေးဆွဲခြင်း၊ အသင်းအဖွဲ့အတွက် ချမှတ်ထားတဲ့ ဦးတည်ချက်တွေကို အကောင်အထည်ဖော်ခြင်း၊ သင့်ရဲ့ စွမ်းဆောင်ရည်တွေအပေါ် အကောင်းဆုံး တုံ့ပြန်ချက်တွေရရှိအောင် ဆောင်ရွက်ခြင်းတွေ လုပ်ပေးရပါမယ်။ ခေါင်း ဆောင်တာဝန်ယူထားရတဲ့ သင်ဟာ အသင်းအဖွဲ့ဝင်တွေနဲ့ မကြာခဏထိတွေ့ပြီး လုပ်ငန်းတိုးတက်မှုအတွက် အစီအစဉ်တွေကို ဆွေးနွေးညှိနှိုင်းပေးရပါမယ်။ အသင်းအဖွဲ့ဝင် တစ်ဦးချင်းစီရဲ့အရေးပါမှုကို အသိအမှတ်ပြုပြီး ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ရမယ်။ အသင်းအဖွဲ့ဝင်တွေရဲ့ စွမ်းဆောင်မှုတွေနဲ့ ပတ်သက်ပြီး သုတေသနတွေ လုပ်ရမယ်ဆိုတဲ့အချက်တွေကိုလည်း ခေါင်းဆောင်တစ်ဦးအနေနဲ့ ထည့်သွင်းစဉ်းစားထားရမှာ ဖြစ်ပါတယ်။

ခေါင်းဆောင်တစ်ဦးအဖြစ် အသာစီးရအောင် ကြိုးစားရာမှာ ခေါင်းဆောင်တစ်ဦးမှာရှိရမယ့် အရည်အသွေး အရည်အချင်းတွေ၊ ထက်မြက်သော စွမ်းဆောင်မှုတွေ၊ စည်းရုံးလှုံ့ဆော်၊ တိုက်တွန်းနိုင်စွမ်းတွေ အားကောင်းဖို့လိုအပ်ပြီး ကြုံတွေ့လာနိုင်တဲ့ အခြေအနေတွေကို ကြိုတင်ခန့်မှန်းစဉ်းစားထားနိုင်စွမ်းတွေလည်း ရှိဖို့လိုအပ်ပါတယ်။

## အရေးပါသော စာရင်းဇယား/ကိန်းဂဏန်း အချက်အလက်များအား အကောင်းဆုံးစီမံခန့်ခွဲခြင်း

သင့်ရဲ့အခန်းကဏ္ဍအသစ်အဖြစ် ခေါင်းဆောင်ရာထူးမှာ တာဝန်ထမ်းဆောင်ရတဲ့ သက်တမ်း၊ ပထမရက်သတ္တပတ် အနည်းငယ်အတွင်းမှာ များစွာသော သတင်းအချက်အလက်တွေကို စုဆောင်းခြင်း၊ လုပ်ငန်း

mgyoe.com

mgyoe.com




အတွက်အရေးပါတဲ့ စာရင်းဇယား/ ကိန်းဂဏန်း အချက်အလက်တွေကို အကောင်းဆုံး စီမံခန့်ခွဲခြင်းတွေ လုပ်ရတတ်ပါလိမ့်မယ်။

အလုပ်ခွင်အတွင်း ခေါင်းဆောင်တစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်ခါစမှာ လုပ်ငန်းအတွေ့အကြုံ နည်းသေးတာကြောင့် ဘယ်အချက်အလက်တွေက အရေးကြီးတယ်။ ဘယ်လို သတင်းအချက်တွေကို ဦးစားပေး စုဆောင်းပြီး လက်တွေ့အသုံးချရမယ် ဆိုတာကို ခွဲခြမ်း သိရှိနိုင်စွမ်းအား နည်းနေပါလိမ့်မယ်။

သို့သော်လည်း သင်က တာဝန်ယူဆောင် ရွက်ရမယ့်ကိစ္စတွေဖြစ်တာကြောင့် သင်လက်ခံ ရရှိတဲ့ဖိုင်တွေ၊ အဆင့်အလိုက် အရေးယူဆောင်ရွက်ရမယ့် ကိစ္စရပ်တွေ၊ စာရင်းဇယား၊ ကိန်းဂဏန်းတွေအားလုံးကို အပိုင်းကဏ္ဍခွဲပြီး စာရင်းပြုစုပေးထားဖို့လိုပါတယ်။

သင်က စာရင်းပြုစုပြီးတဲ့ အလုပ်ကိစ္စတွေကို ကဏ္ဍအလိုက် ကိုင်တွယ်စီမံရာ၌ ထိရောက်စွာ ပြီးပြတ်မှုရှိမရှိ၊ သင်ဆောင်ရွက်မှုတွေအလိုက် အခြေအနေတိုးတက်မှု ရှိ မရှိကို အပတ်စဉ်လစဉ်ပုံမှန် လေ့လာပေးပါ။

သင့်လုပ်ငန်း အဖွဲ့အစည်းရဲ့ ချမှတ်ထားတဲ့ အစီအစဉ်တွေနဲ့ သင် ပါဝင် ဆောင်ရွက်ရတဲ့ အခန်းကဏ္ဍတို့က အံဝင်ခွင်ကျဖြစ်ရဲ့လားဆိုတာကို သင့်အလုပ်ရှင် (သူဌေး) အားမေးမြန်းပါ။



mgyoe.com

mgyoe.com



လုပ်ငန်းစွမ်းဆောင်ရည် ၂၃ % တိုးတက်လာခြင်းဟာ အကောင်းဆုံးသော စီမံခန့်ခွဲမှုတွေကြောင့် ရရှိလာတဲ့ အကောင်းဆုံးသော ရလဒ်ကောင်းတစ်ခုလို့ ဆိုနိုင်ပါတယ်။

## လူအများကို စီမံခန့်ခွဲခြင်း

သင်က ခေါင်းဆောင်တစ်ယောက်အဖြစ် တာဝန်ယူဆောင်ရွက်ရပြီဆိုရင်... လုပ်ငန်းအဖွဲ့အစည်းတစ်ခုလုံးမှာရှိတဲ့ လူစိမ်းအားလုံးကို သင်နဲ့ ရင်းနှီးမှုရှိအောင် မိတ်ဆက်ပြောဆိုဆက်ဆံထားဖို့ လိုပါတယ်။



သင်က အမြဲတစေ ဘယ်ကိုပဲသွားသွား မှတ်စုစာအုပ်နဲ့ ခဲတံကို တစ်ပါတည်း ယူဆောင်သွားပေးပါ။

အစည်းအဝေးတစ်ခု ပြီးသွားတိုင်း သင်ထိတွေ့ပြောဆိုခဲ့သူတွေရဲ့ နာမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ ရာထူးအဆင့်အတန်း၊ စွမ်းဆောင်ရည်တွေကအစ သေချာစွာ မှတ်စုထဲ ရေးမှတ်ထားပေးပါ။

သင်က မှတ်စုထဲ ရေးထားတဲ့သူတွေနဲ့ နောက်တစ်ကြိမ် အပြင်မှာ ထပ်မံတွေ့ဆုံသောအခါ

mgyoe.com


mgyoe.com



သင်က သူတို့တစ်ဦးချင်းစီအလိုက်ကို လုပ်ငန်းနဲ့ ပတ်သက်ပြီး ဘယ်လို အကူအညီတောင်း၊ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်နိုင်မယ်ဆိုတာကို စဉ်းစားပေးပါ။

**လုပ်ငန်းဆောင်ရွက်ရန် စာရင်းဇယားများ ရေးဆွဲခြင်း**
**(သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ခြင်း)**

| မေးခွန်းများ(Yes/ No ဖြင့် ဖြေရန်) | Yes/ No |
|---|---|
| ၁။ သင့်ဘက်က အတိုချုပ်ပြောဆိုစရာ/ တောင်းဆိုစရာ အနည်း ငယ်ရှိပါသလား။ | ☐ ☐ |
| ၂။ သင်က ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ဖို့ ဘယ်နေရာတွေမှာ လေ့ကျင့်ပေးဖို့ လိုပါသလဲ။ | ☐ ☐ |
| ၃။ ကုမ္ပဏီရဲ့ စာရင်းဇယားတွေကို သင့်ဘက်က လေ့လာထားပြီးပါသလား။ | ☐ ☐ |
| ၄။ သင်က ရာထူးတိုးမြှင့်ခံရပြီဆိုရင် သင့်ရဲ့ အခန်းကဏ္ဍသစ်အတွက် အဖွဲ့အစည်းရဲ့ အကူအညီကို ဘယ်လိုရယူမှာလဲ။ | ☐ ☐ |
| ၅။ သင် တက်ရောက်သင့်သော အစည်းအဝေးတွေကို သိထားပါသလား။ | ☐ ☐ |



ကမ္ဘာလုံးဆိုင်ရာ လေ့လာမှုတွေအရ အောင်မြင်တဲ့ စီးပွားရေး လုပ်ငန်းတွေရဲ့ ၈၆% ဟာ အထုံပါရမီရှိတဲ့ ခေါင်းဆောင်ကောင်းတွေရဲ့ စီမံခန့်ခွဲမှုတွေကြောင့် အောင်မြင်ခြင်းဖြစ်တယ်လို့ သိရပါတယ်။

mgyoe.com

mgyoe.com

## လက်တွေ့ကျကျ လုပ်ကိုင်ဆောင်ရွက်တတ်သူဖြစ်အောင် ကြိုးစားပေးပါ

အသင်းအဖွဲ့တစ်ခုအတွင်း ခေါင်းဆောင်တစ်ယောက်အဖြစ် ရောက်ရှိ/ဝင်ရောက်လာတဲ့ သင်ဟာ အပြောင်းအလဲတွေမျိုးစုံနဲ့ရင်ဆိုင်ရမှာဖြစ်သလို သင် ကိုယ်တိုင်ကလည်း လိုက်လျောညီထွေပြောင်းလဲမှုတွေ လုပ်ဖြစ်ပါလိမ့်မယ်။

သင့်ရဲ့ခေါင်းဆောင်မှုအခန်းကဏ္ဍမှာ အရေးပါအရာရောက်စေဖို့အတွက် သင့်ကိုသင် အောက်ပါမေးခွန်းတွေမေးပြီး ဖြေဆိုနိုင်ဖို့ကို လိုပါတယ်။

အောက်ပါအရေးကြီးသော မေးခွန်းများကို ဖြေဆိုပါ။

၀၁ - သင့်လုပ်ငန်းအဖွဲ့အစည်း (သို့) သင့်အသင်းအဖွဲ့ရဲ့ အဓိက ရည်မှန်းချက်တွေက ဘာလဲ။

၀၂ - လုပ်ငန်းအတွင်း ပြဿနာတစ်စုံတစ်ရာ ဖြစ်လာနိုင်ခြေတွေ ရှိနေပါသလား။

၀၃ - သင့်လုပ်ငန်း၊ ကုမ္ပဏီမှာ အဓိကကျတဲ့ အစုရှယ်ယာပါဝင် သူက ဘယ်သူလဲ။

၀၄ - လုပ်ငန်းအဖွဲ့အစည်းရဲ့ အဆင့်ဆင့်တည်ဆောက်ပုံ၊ ထုံးတမ်းစဉ်လာနှင့် ပိုင်ဆိုင်မှုတွေကဘာလဲ။

၀၅ - လုပ်ငန်းလည်ပတ်မှုစနစ်ကို သေချာစွာ စစ်ဆေးပြီးပြီလား။

၀၆ - သင့်ရဲ့ ရှာဖွေတွေ့ရှိချက်တွေက ပြီးပြည့်စုံပြီး တိကျမှုရှိပါသလား။

၀၇ - ဘယ်ကိစ္စတွေအတွက် မဆို သင့်ဘက်က ရင်ဆိုင်ဖြေရှင်းဖို့ အဆင်သင့်ဖြစ်နေပြီလား။

mgyoe.com

mgyoe.com


သင်က ခေါင်းဆောင်တစ်ယောက်ဖြစ်လာပြီဆိုရင်... လက်တွေ့ကျကျ လုပ်ကိုင်ဆောင်ရွက်တတ်သူဖြစ်အောင် ကြိုးစားရပါမယ်။

သင်ကိုယ်တိုင်က ရှေ့ကနေ မှန်ကန်စွာ ဦးဆောင်မှုပေးနိုင်မှသာ သင့်အတွက် ဩဇာရှိန်ဝါတွေ မြင့်တက်လာပြီး သင့်ရဲ့ဆုံးဖြတ်ချက်တွေအပေါ်မှာလည်း အားလုံးက လေးစားလိုက်နာမှု ရှိလာပါလိမ့်မယ်။

- ကျွန်ုပ်အတွက် အောင်မြင်မှုဆိုတာဟာ ဘာနှင့်ဆင်တူပါသလဲ။
- ကျွန်ုပ်ရဲ့ထူးခြားသော အမြင်တွေက လုပ်ငန်းတိုးတက်မှုအတွက် အထောက်အကူပြုနိုင်ပါသလား။
- လုပ်ငန်းတိုးတက်မှု ရလဒ်ကို ဘယ်လို အတိုင်းအတာအထိ မျှော်လင့်နိုင်ပါသလဲ။
- ကတိပေးပြီးသော အခြေအနေများအတိုင်း အမှန်တကယ် ဆောင်ရွက်နိုင်ပါသလား။

ခေါင်းဆောင်ဖြစ်သူ သင့်အနေနဲ့ လက်တွေ့ဘဝနှင့် မျှော်လင့်ချက်များအကြား တစ်ခါတစ်ရံ ကွဲပြားခြားနားမှုတွေ ရှိနေတယ်ဆိုတာကို အမှန်အတိုင်းလက်ခံပေးပါ။

❑

mgyoe.com

mgyoe.com

## သင့်စွမ်းရည်အပေါ် အာရုံစိုက်ခြင်း

ခေါင်းဆောင်တစ်ယောက်အဖြစ် သင်ဟာ ပြောဆိုဆက်ဆံရေးကိစ္စတွေ၊ တောင်းဆိုမှုပြုလုပ်တဲ့ ကိစ္စတွေ၊ လုပ်ငန်းတာဝန်အသစ်တွေ၊ ဦးစီးခေါင်းဆောင်ရမယ့် အလုပ်တွေရဲ့ လွှမ်းမိုးခြင်းကို ခံယူရမှာဖြစ်ပါတယ်။

သင့်အပေါ် လွှမ်းမိုးထားတဲ့ ကိစ္စအဝဝကို သင်က မညည်းမညူ အသိအမှတ်ပြုလက်ခံပြီး အာရုံစိုက်ဆောင်ရွက်မှုတွေနဲ့ ကျေပွန်အောင် ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။

သို့သော်လည်း သင်ဟာ ခေါင်းဆောင်တစ်ဦးအဖြစ် ဘယ်လောက်ပဲ တာဝန်ဝတ္တရားတွေ ပိနေသည်ဖြစ်စေ… သင့်ကိုယ်ပိုင် အောင်မြင်မှုနဲ့ သင့်အသင်းအဖွဲ့ရဲ့ အောင်မြင်မှုတွေအတွက် အမှန်တကယ် အရေးကြီးတဲ့ ကိစ္စရပ်တွေကို ဦးစွာပြီးပြတ်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

သင့်ရဲ့ ဦးစားပေး ရွေးချယ်မှုတွေအပေါ် သင့်ရဲ့ အောင်မြင်မှုက များစွာ မူတည်နေတာကြောင့် သင့်ရဲ့ ရွေးချယ်မှုတွေ မှန်ကန်နေဖို့ အဓိက အာရုံစိုက်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

mgyoe.com

**သင့်ကိုယ်ပိုင်အောင်မြင်မှုနှင့် သင့်အသင်းအဖွဲ့ အောင်မြင်မှုအတွက် လုပ်ငန်းတာဝန်များအား ဦးစားပေးရွေးချယ်ပုံ**

| ချက်ချင်း အမြန်ဆုံးဆောင်ရွက်ရန်လိုသော်လည်း အရေးမကြီးသည့်ကိစ္စ | |
|---|---|
| **ထုံးစံအတိုင်းသင်က ပြုမူဆောင်ရွက်ချက်များ** | **သင်က ဤကိစ္စအတွက် အချိန်ကုန်ခံသောအခါ ဘာတွေဖြစ်လာမလဲ** |
| – ဖုန်းဆက်ပြီး ပြောဆို ဆွေးနွေးခြင်း၊ အီးမေးလ်ဖြင့် အကြောင်းပြန်ခြင်း။<br>– အခြားလူများနှင့် ညှိနှိုင်း ဆွေးနွေးရာ၌ သင့်အမြင်ကို ထည့်သွင်း ပြောဆိုမှုမရှိခြင်း။ | – ရည်မှန်းချက်အား တိကျထင်ရှားစွာ ဖော်ပြနိုင်ခြင်း မရှိပါ။<br>– စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စများ၌ အကျပ်အတည်းတွေ့နိုင်ပါတယ်။<br>– ထိန်းချုပ်မှု ကင်းလွတ်သလိုမျိုး ခံစားရနိုင်ပါတယ်။<br>– အကြောင်းအကျိုး ညီညွတ်မှု ကင်းစွာ ပြုမူဆောင်ရွက်မိပါလိမ့်မယ်။ အပြောတခြား အလုပ်တခြား ဖြစ်နေပါလိမ့်မယ်။ |
| **✱** အရေးယူဆောင်ရွက်မှု = ကိုယ်စားလှယ်အား အာဏာကုန်လွှဲပြီး ဖြေရှင်းခိုင်းခြင်း | |
| အရေးမကြီး | အရေးကြီး |

အရေးအကြီးဆုံး

ချက်ချင်းဆောင်ရွက်ရမယ့်

| ချက်ချင်း အလျှင်အမြန်ဆောင်ရွက်ရန် မလိုအပ်သလို အရေးမကြီးသောကိစ္စ | |
|---|---|
| **ထုံးစံအတိုင်း ပြုမူဆောင်ရွက်ချက်များ** | **သင်က ဤကိစ္စအတွက် အချိန်ကုန်ခံသောအခါ ဘာတွေဖြစ်လာမလဲ** |
| – အောက်ခြေအဆင့် အစည်းအဝေးလောက်သာ ကျင်းပနိုင်ပါလိမ့်မယ်။<br>– အချိန်ကုန်စေခြင်း/ အချိန်ဖြုန်းခြင်း သက်သက်သာ ဖြစ်စေပါလိမ့်မယ်။<br>– အာရုံစူးစိုက်နိုင်စွမ်း မပါသော အကြမ်းဖျင်းဆောင်ရွက်မှုတွေ လောက်သာလုပ်ဆောင်နိုင်ပါ လိမ့်မယ်။ | – တာဝန်ယူ တာဝန်ခံပြီး ဆောင်ရွက်နိုင်စွမ်းတွေ လျော့ကျနေပါလိမ့်မယ်။<br>– လုပ်ငန်းပြီးဆုံးအောင် လက်စသတ် နိုင်စွမ်းမရှိ ဖြစ်နေပါလိမ့်မယ်။<br>– အခြားလူ/ သူတစ်ပါးအပေါ် မှီခိုရတာတွေ များလာပါလိမ့်မယ်။<br>– ဘေးကင်းလုံခြုံမှု မရှိသလိုမျိုး ခံစားရပါလိမ့်မယ်။ |
| * အရေးယူဆောင်ရွက်မှု = သည်အတိုင်းချန်ထားခြင်း | |

အရေးပေါ်ဖြစ်

| အရေးမကြီး | အရေးကြီး |
|---|---|

mgyoe.com

mgyoe.com

mgyoe.com


**ချက်ချင်း အလျင်အမြန်ဆုံး ဆောင်ရွက်ရန် လိုအပ်သလို အရေးအကြီးဆုံးလည်း ဖြစ်သောကိစ္စ**

| ထုံးစံအတိုင်း ပြုမူဆောင်ရွက်ချက်များ | သင်က ဤကိစ္စအတွက် အချိန်ကုန်ခံသောအခါ ဘာတွေဖြစ်လာမလဲ |
|---|---|
| – အကျပ်အတည်း ဖြစ်နေသော ကိစ္စများကို ညှိနှိုင်းဖြေရှင်းခြင်း။<br>– အရေးကြီးသော ပရောဂျက်များကိုသာ ဦးစားပေး ရွေးချယ်အကောင်အထည်ဖော်ခြင်း။<br>– အရေးကြီးသော အစည်းအဝေးများကိုသာ တက်ရောက်ခြင်း။ | – အကျပ်အတည်းတွေကို ကိုင်တွယ် ဖြေရှင်းပါလိမ့်မယ်။<br>– စိတ်ပန်းလူပန်းဖြစ်ပြီး စိတ်ဖိစီးမှုတွေ မြင့်တက်လာပါလိမ့်မယ်။<br>– ရေရှည်ကာလအတွက် ဆင်းရဲပင်ပန်းမှုတွေ ဆက်လက်ခံရဦးမှာ ဖြစ်ပါတယ်။ |

✱ အရေးယူဆောင်ရွက်မှု =သင့်အချိန်နှင့် ပတ်သက်သော အစီအစဉ်တွေကို ပြန်လည်သုံးသပ်ပြီး လုပ်စရာရှိတာကို ချက်ချင်း ပြုလုပ်ပါ။

အရေးကြီး → အရေးအကြီးဆုံး

mgyoe.com

mgyoe.com


**ချက်ချင်းအလျှင်အမြန် လုပ်စရာ မလိုအပ်သော်လည်း အရေးအကြီးဆုံးသော ကိစ္စ**

| ထုံးစံအတိုင်း ပြုမူဆောင်ရွက်ချက်များ | သင်က ဤကိစ္စအတွက် အချိန်ကုန်ခံသောအခါ ဘာတွေဖြစ်လာမလဲ |
|---|---|
| – အစီအစဉ်များ ကြိုတင်ရေးဆွဲခြင်း<br>– ဖြစ်လာနိုင်သော ပြဿနာများကို ကြိုတင်မှန်းဆ စောင့်မျှော်နေခြင်း။<br>– အသင်းအဖွဲ့အား လမ်းညွှန်ခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်း။<br>– လုပ်ငန်းအတွက် ကိုယ်စားလှယ်အဖြစ် တာဝန်ယူဆောင်ရွက်ခြင်း။ | – လုပ်ငန်း အခြေအနေအနေအထားကို ခြုံငုံသုံးသပ်ခြင်း<br>– ထူးခြားသော အမြင်တွေနဲ့ အောင်မြင်အောင် ဆောင်ရွက်နိုင်စေခြင်း။<br>– အဘက်ဘက်မှ ညီညွတ်မျှတစေခြင်း |

* အရေးယူဆောင်ရွက်မှု = အစီအစဉ်များ အသေးစိတ်ရေးဆွဲပြီး ဆောင်ရွက်ခြင်း

အရေးကြီး → အရေးအကြီးဆုံး

mgyoe.com

mgyoe.com


## သင့်အချိန်အား စီမံခန့်ခွဲခြင်း

သင်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေရဲ့ အရေးကြီးသောအဆင့်အလိုက်၊ သင့်အချိန်တွေကို စနစ်တကျပိုင်းခြားပြီး အသုံးချနိုင်ဖို့လိုပါတယ်။

သင်က ဆောင်ရွက်ရမယ့်လုပ်ငန်းဆောင်တာတွေကို အရေးကြီးအဆင့်အလိုက် ဦးစားပေးဆောင်ရွက်နိုင်ပြီဆိုရင် ခေါင်းဆောင်ကောင်းတစ်ယောက်အဖြစ် အောင်မြင်မှုရယူနိုင်သူတစ်ယောက် ဖြစ်လာပါလိမ့်မယ်။

**စမတ်ကျကျ လုပ်ကိုင်ဆောင်ရွက်နိုင်စေဖို့အတွက် ဆောင်ရန်/ရှောင်ရန် အချက်များ**

| ဆောင်ရန်အချက်များ | ရှောင်ရန်အချက်များ |
|---|---|
| – စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ ဘောင်ဝင်အောင် ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းတိုးတက်အောင် လုပ်ဆောင်ပေးနိုင်ခြင်း။<br>– လုပ်ငန်းနှင့်ဆိုင်သော အရင်းအမြစ်ကောင်းများရစေဖို့ ကွန်ရက်သဖွယ် ချိတ်ဆက်ထားနိုင်ခြင်း။ နက်ဝပ်ခ်များ တည်ထောင်ခြင်း<br>– သင်က အချိန်ကို ဘယ်လိုအသုံးချတယ်ဆိုတာကို မှတ်တမ်းတင်ခြင်း၊ ခွဲခြမ်းစိတ်ဖြာ လေ့လာအဖြေထုတ်ခြင်း။<br>– အရာရာကို လက်တွေ့ကျကျ လုပ်ကိုင် ဆောင်ရွက်တတ်ခြင်း။ | – မိမိကိုယ်စားလှယ် ယူထားသောအလုပ်ကိုသာ လုပ်ကိုင်ခြင်း။<br>– ရုံးခန်းအတွင်းမှ အပြင်သို့ ဘယ်သောအခါမှ မထွက်ခြင်း။<br>– အခြားလူတွေ စိတ်အနှောင့်အယှက်ဖြစ်အောင် ဆွပေးခြင်း။<br>– ရှင်းလင်းတိကျ – မှန်ကန်သောအစီအစဉ်တွေ လုံးဝမရေးဆွဲဘဲ အလုပ်ကိုကြုံသလို ထလုပ်တတ်ခြင်း။ |

mgyoe.com

mgyoe.com



သင်က အလုပ်တွေကို အရေးပါတဲ့အဆင့်အလိုက် ဦးစားပေးဆောင်ရွက်နိုင်ဖို့ အချိန်ကိုစနစ်တကျ စီမံခန့်ခွဲနိုင်အောင် ကြိုးစားဖို့ ဦးစွာလိုအပ်ပါတယ်။

## လမ်းကြောင်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိစေခြင်း

သင်က အချိန်ကို စီမံခန့်ခွဲနိုင်စွမ်းမရှိခဲ့ရင် သတ်မှတ်နောက်ဆုံးရက်မတိုင်ခင် ပြီးပြတ်ရမယ့်ကိစ္စတွေကို နောက်ကျစွာ ဆောင်ရွက်ရတတ်ပါတယ်။

သင်က နောက်ကျမှ လက်စသတ်နိုင်တဲ့ ကိစ္စတွေကို သင်ခန်းစာယူပြီး နောက်နောင်အချိန်ကို သေချာစီမံခန့်ခွဲနိုင်စွမ်း ရှိမယ်ဆိုရင် သင့်လမ်းကြောင်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိပြီး မဟာဗျူဟာမြောက် အစီအစဉ်တွေကို အကောင်းဆုံးရေးဆွဲနိုင်မှာ ဖြစ်ပါတယ်။

**ပရောဂျက်တစ်ခုလုံးအတွက် ကြာမြင့်သောအချိန်ရဲ့ ၁၀% ကို အရန်အဖြစ် သီးခြားထားရှိပေးပါ။**


mgyoe.com

mgyoe.com



**ထိရောက်သော အကြံပြုချက်**

အရေးပေါ် အခြေအနေများနဲ့ ကြုံတွေ့ရတဲ့အခါ အဆင်ပြေပြေ ချောမွေ့စွာ ဆောင်ရွက်နိုင်စေဖို့ သင့်အသင်းအဖွဲ့အတွက် အနည်းဆုံးအချိန် ၁၀% ကို သီးခြားဖယ်ထားပေးပါ။



mgyoe.com

mgyoe.com



## ကိုယ်စားလှယ်တစ်ယောက်ဖြစ်အောင် ဘယ်လိုအကောင်းဆုံး ပြုမူ ဆောင်ရွက်ဖို့ လိုအပ်ပါသလဲ

❖ သင့်ကိုယ်စား ဆောင်ရွက်လုပ်ကိုင်ပေးမယ့် ကိုယ်စားလှယ်တစ်ယောက်ကို သေချာစွာ စိစစ်ရွေးချယ်ပေးပါ။

❖ မှားယွင်းမှုဖြစ်လာနိုင်တဲ့ အခြေအနေအရပ်ရပ်ကို ကြိုတင် လက်ခံနားလည်ထားပေးပါ။

❖ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရမယ့် တာဝန်တွေကို ရှင်းရှင်းလင်းလင်း ဖော်ပြပေးပါ။

❖ လုပ်ထုံးလုပ်နည်းတွေ၊ အရင်းအမြစ်တွေ၊ သတ်မှတ် နောက်ဆုံးရက်တွေကို သင်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်တဲ့အခါတိုင်း သတိရပေးပါ။

❖ သင်က ကိုယ်စားလှယ်အဖြစ် တာဝန်ယူပေးထားရသူက သင့်အပေါ် နားလည်မှုတွေ မျှဝေပေးနိုင်မလားဆိုတာကို သေချာစွာ စစ်ဆေးပေးပါ။

❖ သင်က ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ပြီးချိန်မှာ သင့်ရဲ့ တာဝန်ဝတ္တရားတွေကို စွန့်လွှတ်စရာ မလိုအပ်ပါဘူး။

❖ ကိုယ်စားလှယ်ပြုခြင်း အဓိပ္ပာယ်ဟာ ကိုယ်ပိုင်ဖြေရှင်းချက်တွေ တွေ့ရှိနိုင်ဖို့ လူအများကို ခွင့်ပြုထားခြင်း အဓိပ္ပာယ်ဆောင်ပါတယ်။

❖ ကိုယ်စားလှယ်တစ်ယောက်ဟာ ဆောင်ရွက်ရတဲ့ တာဝန်တွေ အဆုံးစွန် အောင်မြင်သည်ဖြစ်စေ... ကျရှုံးသည်ဖြစ်စေ တာဝန်ယူ တာဝန်ခံနိုင်စွမ်းရှိဖို့ လိုအပ်ပါတယ်။

mgyoe.com

mgyoe.com



**ကိုယ်စားလှယ်တစ်ဦးအဖြစ် အောင်မြင်စွာဆောင်ရွက်နိုင်စွမ်းရှိခြင်း**

ကိုယ်စားလှယ်တစ်ဦးအဖြစ် စွမ်းဆောင်နိုင်ခြင်းဟာ ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ ကျွမ်းကျင်တဲ့ အရည်အချင်းတွေထဲမှာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။

သင်က ကိုယ်စားလှယ်တစ်ဦးအဖြစ် ကောင်းမွန်စွာ ဆောင်ရွက်နိုင်ပြီဆိုရင် သင်ကိုယ်တိုင်အတွက်ရော သင့်အသင်းအဖွဲ့အတွက်ပါ ကောင်းကျိုးအမျိုးမျိုးကို ရရှိစေမှာဖြစ်ပါတယ်။

**ကိုယ်စားလှယ်တစ်ယောက်အဖြစ်**
**တာဝန်ယူနိုင်ဖို့ အစီအစဉ်များ ရေးဆွဲခြင်း**

ကိုယ်စားလှယ်တစ်ယောက်အဖြစ် တာဝန်ယူဖို့ အစီအစဉ်တွေ ရေးဆွဲရာမှာ အောက်ပါတို့ကို ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

- "ကိုယ်စားလှယ်အဖြစ် သီးခြားတာဝန်တစ်ရပ်ကို ဆောင်ရွက်မည့် အစီအစဉ်" ဇယားတစ်ခုရေးဆွဲပေးပါ။
- သင့်အသင်းအဖွဲ့ဝင် အားလုံး၏ အမည်စာရင်းကို ချရေးပါ။
- တစ်စုံတစ်ယောက်ချင်းစီအလိုက်ရှိနေတဲ့ ကိုယ်ပိုင်အရည်အချင်း အရည်အသွေးတွေကို ခွဲခြားဖော်ပြပေးပါ။
- သင့်အသင်းအဖွဲ့ဝင်တစ်ဦးချင်းအလိုက် လိုအပ်ချက်ရှိနေတဲ့အရာတွေကို စာရင်းရေးထားပါ။

mgyoe.com

mgyoe.com


## ထိရောက်သော အကြံပြုချက်

လုပ်ငန်းတာဝန်တစ်ရပ်ကို ပြီးစီးအောင် ဆောင်ရွက်ပေးပါ။

လုပ်ငန်းတာဝန်တစ်ရပ်စီအား ပြီးပြတ်အောင် ဆောင်ရွက်ရာမှာ ခွင့်ပြုထားတဲ့ အချိန်အတိုင်းအတာအတွင်းမှာပဲ ပြီးပြတ်အောင် လုပ်ဆောင်ရပါမယ်။ ဘယ်လုပ်ငန်းတွေကို ကောင်းမွန်စွာ အခက်အခဲမရှိလုပ်ဆောင်နိုင်ပြီး ဘယ်လုပ်ငန်းတွေကိုတော့ အခက်အခဲကြားမှ ဆောင်ရွက်ရမယ်ဆိုတာကို ဆွေးနွေးရှင်းပြပေးပါ။

ခေါင်းဆောင်တစ်ယောက်အဖြစ် တာဝန်ယူဆောင်ရွက်ရာမှာ မိမိရဲ့ကိုယ်စား တာဝန်ယူဆောင်ရွက်ပေးမယ့် ကိုယ်စားလှယ်တစ်ယောက်ရွေးချယ်ဖို့ သင့်လျော်တဲ့ အရည်အသွေး အရည်အချင်းတွေကို သတ်မှတ် ကန့်သတ်ပေးရမှာ ဖြစ်ပါတယ်။

**၇၀ ရာခိုင်နှုန်းသော မန်နေဂျာတွေအနေနဲ့ ကိုယ်စားလှယ်တစ်ယောက် ဖြစ်လာဖို့ အခက်အခဲတွေ ရှိနေတယ်ဆိုတာကို နားလည်ပြီး ဖြစ်ပါတယ်။**

mgyoe.com